www.burmeseclassic.com

# ပိုးတော်ဝိုင်

## ကျွန်တော်နှင့် ဇင်နီယာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ဟား"

ခြောက်ယောက်မြောက် အင်တာဗျူးပြီးချိန်မှာတော့ ဦးလှထွန်း အေးတစ်ယောက် ကြီးစွာသောလေပူကြီးကို အဲကွန်းလွှတ်ထားသည့် ရုံးခန်းအတွင်း မှုတ်ထုတ်လိုက်မိသည်။ သံလွင်ဆီထည့်၍ သေသေချာချာ သားခွဲ,ခွဲထားသည့် ဆံပင်ကိုလည်း အားမနာနိုင်တော့ဘဲ လက်နှင့် တဖျင်းဖျင်း ကုတ်လိုက်မိ၏။

သူသိသည်။ ဒီအလုပ်အတွက် ဒီအင်တာဗျူးကိစ္စ မအောင်မြင်နိုင်ကြောင်း အစကတည်းက သိခဲ့ပါသည်။

ဒါဆိုလျှင် သူလို အရာရာကို စနစ်တကျ၊ အတိမ်းအစောင်းမခံ အလုပ်လုပ်ဖော်တတ်သောသူက မဖြစ်နိုင်၊ မအောင်မြင်နိုင်မှန်း သိလျက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဒီအင်တာဗျူးကို ခေါ်ခဲ့သနည်း။ အလုပ်ကြော်ငြာစာ ထည့်ခဲ့သနည်း။

ရှင်းပြပါမည်။ တကယ်တော့ ဒီအလုပ်ကြော်ငြာကို သူ့စိတ်နှင့် လုပ်ခဲ့ခြင်းမဟုတ်။ ပြည်ပတွင် ကျောင်းသွားတက်နေပြီး မကြာခင်ပြန်ရောက်ကာ သူ့ကုမ္ပဏီအလုပ်တွေကို ဝိုင်းကူလုပ်ပေးတော့မည့် သမီးငယ်ဖြစ်သူ နွေယွန်း၏ဆန္ဒကြောင့်သာ ဒီအင်တာဗျူးခေါ်ခဲ့ခြင်းဖြစ်သည်။

အင်တာဗျူးခေါ်သည့်ရာထူးက နွေယွန်း၏အတွင်းရေးမှူး။ အင်္ဂလိပ်လိုပြောရလျှင် စက္ကထရီ (secretary)။ အကြမ်းဖျင်းထပ်ပြောရလျှင် ထိုရာထူးအတွက် လျှောက်ထားသူသည် အသက်နှစ်ဆယ့်ငါးမှ သုံးဆယ့်ငါးနှစ်အတွင်း ဖြစ်ရမည်။ ကျား,မ မရွေး လျှောက်ထားနိုင်သည်။ ထိုအထိ ပြဿနာမရှိသေး။ သို့သော်လည်း အင်တာဗျူးသည့်အချိန်ကျမှ ပြောရန် မှာထားသည့် နွေယွန်း၏လိုအပ်ချက်များကြောင့် အဆင်မပြေ ဖြစ်နေခြင်းဖြစ်သည်။ နွေယွန်း၏လိုအပ်ချက်၊ ကန့်သတ်ချက်များကြောင့်လည်း ဒီအင်တာဗျူး မအောင်မြင်နိုင်။ ဝန်ထမ်းခေါ်လို့ မရနိုင်ဟု ဦးလှထွန်းအေး ကြိုသိနေခြင်းဖြစ်၏။

ဒါဆို သူနှင့်အတူ အလုပ်တွဲလုပ်ရမည့် အတွင်းရေးမှူးတစ်ယောက်အပေါ် နွေယွန်းက ဘယ်လိုအချက်အလက်တွေ၊ စံနှုန်းတွေနှင့် သတ်မှတ်ထားသလဲ။

သူ့သမီး၏တောင်းဆိုထားမှုတွေကို ပြန်စဉ်းစားရင်းက ဦးလှထွန်းအေး ခေါင်းတွင်တွင်ခါကာ ညည်းလိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး။ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ခုလို မညည်းမိခင် သမီးဖြစ်သူ စပြောကတည်းကလည်း မဖြစ်နိုင်ဘူး ထင်တယ်ဟု ဖုန်းနှင့် ပြောခဲ့ပါသေးသည်။

သို့သော် နွေယွန်းက ...

"မဖြစ်နိုင်ဘူးဆိုတာက ကိုယ့်ဘက်က တစ်ဖက်သတ်ကြီး ညည်းနေလို့ မဖြစ်ဘူးလေ ဖေဖေရဲ့။ ကြိုးစားကြည့်မှသိမယ်မလား။ ဖေဖေပဲ ပြောဖူးတယ်လေ"

ထိုသို့ ကိုယ့်စကားနှင့်ကိုယ် ပြန်ပိတ်မိသွားသဖြင့် ယခုလို အင်တာဗျူးပွဲကို လက်ခံကျင်းပပေးနေရခြင်းလည်း ဖြစ်လေသည်။

ခုလည်း လေပူတစ်လှည့်၊ သက်ပြင်းတစ်လှည့်နှင့် အလှည့်ကျ ပြုမူနေမိခြင်းကို ခဏရပ်လိုက်ပြီး အတွင်းရေးမှူးမလေးကို ဦးလှထွန်းအေး လှမ်းပြောလိုက်၏။

"သရဖီရေ ... အင်တာဗျူးဖို့ ဘယ်နှစ်ယောက်ကျန်သေးလဲ"

"ခုနစ်ယောက်မြောက် နောက်ဆုံးတစ်ယောက်ပဲ ကျန်ပါတော့တယ် ဆရာ"

သရဖီက တိတိကျကျ ဖြေလာပါသည်။ နောက်ဆုံးတစ်ယောက်ပဲ ကျန်တော့သည်ဆိုသောအသိကြောင့် ဦးလှထွန်းအေး စိတ်လက်အတန်ငယ် ပေါ့ပါးသွားရပြီး ...

"တစ်ယောက်ပဲကျန်တော့တာလား။ ကောင်းတယ် ခေါ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ"

သရဖီ ထိုင်နေရာမှ ထရပ်လိုက်၏။ ထိုအချိန်မှာပဲ စားပွဲပေါ်တင်ထားသည့် ဦးလှထွန်းအေး၏ဖုန်းမှ အလန်းမြည်သံကြောင့် သရဖီသဘောပေါက်စွာ ကိုယ်ရှိန်သတ်ထားလိုက်သည်။ ထိုအလန်းမြည်သံသည် ကိစ္စတစ်ခုခုကို ရည်ညွှန်းပြီမှန်း သူမ သိလိုက်၍လည်းဖြစ်သည်။

ဦးလှထွန်းအေးက ဖုန်းကိုယူကြည့်ကာ လေပူမှုတ်ချလိုက်ပြန်ရင်း–

"ကဲ သရဖီ ... ကြားတဲ့အတိုင်းပဲ။ ဆရာတော့ ထမင်းစားပြန်လိုက်ဦးမယ်။ အင်တာဗျူးမယ့်သူကို နေ့လယ်နှစ်နာရီပြန်ချိန်းလိုက်တော့"

"ဟုတ်ကဲ့ ဆရာ"

ပြန်ရန်ထိုင်နေရာမှ ထရပ်လိုက်ချိန်မှာပဲ ရုံးခန်းအတွင်းသို့ လူတစ်ယောက်ဝင်လာပြန်သည်။ တခြားသူတော့မဟုတ်၊ ဦးလှထွန်းအေး၏သားကြီးဖြစ်သူ ဆွေထွန်း။

ဆွေထွန်းက သရဖီကို ရွှန်းရွှန်းလဲ့လဲ့ တစ်ချက်ကြည့်လိုက်ပြီးမှ သူ့အဖေအား ...

"ဖေဖေ ထမင်းစားပြန်မယ်မလား၊ ကျွန်တော်လည်း ဖေဖေ့ကားနဲ့ လိုက်မလို့"

ဦးလှထွန်းအေးက ...

"ဟင် ... ဖေဖေက သားသွားပြီတောင် ထင်နေတာ။ ဒါနဲ့ သားကားကကော"

ဆွေထွန်းက စိတ်ရှုပ်ဟန်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကားက ဖောက်နေပြန်ပြီ ဖေဖေရာ။ ခုလည်း ဘာသံတွေမှန်းမသိ ထွက်နေလို့ ဝပ်ရှော့သွားထိုးခိုင်းလိုက်တယ်"

"သြော် ... ဟုတ်လား၊ အေးကွာ ... သားကို ကားအသစ်လဲပေး ချင်ပေမယ့် သားသိတဲ့အတိုင်းပဲ။ ကဲ ကဲ ... ခုလည်း နောက်မကျအောင် သွားရမှာ။ သွားစို့ ... သွားစို့"

ပြောရင်း ဦးလှထွန်းအေးက ရုံးခန်းထဲမှ အရင်ထွက်သွားသည်။ ဆွေထွန်းက ရုံးခန်းထဲ မသိမသာ ကျန်ခဲ့ပြီးမှ သရဖီအနီးသို့ လှစ်ခနဲပြေး သွားကာ သရဖီ့ပါးဖောင်းဖောင်းလေးကို ဆွဲလိမ်လိုက်ရင်း ...

"ကောင်မလေး သိပ်လှနေတယ်နော်။ မောင် အသည်းတွေ ယားလိုက်တာ"

သရဖီက မျက်စောင်းဝင့်ခနဲ ပြန်ထိုးလိုက်ကာ ...

"သွားပါ၊ မောင်ပဲ သရဖီအတွက် အချိန်မပေးနိုင်ဘဲနဲ့။ အချိန် ဖယားအတိုင်း စက်ရုပ်လိုနေနေပြီးတော့"

"ဆောရီးပါ သရဖီရယ် ... မောင် တောင်းပန်ပါတယ်။ နောက် ကျရင်တော့"

"နောက်ကိစ္စတွေ နောက်မှပြောတော့ မောင်။ မောင် အခု နောက်ကျနေဦးမယ် သွားတော့"

"အိုကေ ... အိုကေ၊ ချစ်တယ်နော် ... အာဘွား"

ပြောရင်းဆိုရင်း သရဖီပါးကို ရွှတ်ခနဲနမ်းကာ ဆွေထွန်း ပြေးထွက် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သရဖီလည်း ဆွေထွန်းကိုကြည့်ကာ သက်ပြင်းပဲ ချမိလိုက်လေ၏။

ကိုယ်နှင့် ချစ်သူဖြစ်နေသောသူက ကုမ္ပဏီပိုင်ရှင်၏သား သဘောမနောကောင်းသူ၊ ကိုယ့်အပေါ်ကိုလည်း မြတ်မြတ်နိုး နိုးချစ်သူ ဖြစ်သော်လည်း မိသားစု၏အချိန်ဇယား၊ ပုံစံခွက်ထဲတွင် အလိုက်သင့် မျောပါနေရသူဖြစ်သောကြောင့် ခုလို သက်ပြင်းတွေပဲ အလီလီချနေရခြင်း ဖြစ်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ခြံတံခါးရှေ့တွင် ကားရပ်လိုက်ရင်း ဦးလှထွန်းအေးက နာရီတစ်ချက်ကြည့်လိုက်သည်။

"အင်း ... ထမင်းစားချိန်ရောက်ဖို့ ဆယ့်ငါးမိနစ်လောက် လိုသေးတာပဲ၊ စောနေသေးတယ်"

ဖခင်ဖြစ်သူ၏ရေရွတ်သံကြောင့် ဘေးတွင်လိုက်ပါလာသည့် ဆွေထွန်းက မျက်မှောင်တစ်ချက်ကြုတ်လိုက်ရင်း ...

"စောတော့ ဘယ်လိုလုပ်မလဲ။ အိမ်ထဲမဝင်သေးချင်ရင်လည်း ရပ်ကွက်တစ်ပတ်လောက် ကားမောင်းနေလိုက်မလား ဖေဖေ"

"မင်း စကားကြီးကလည်း ရွဲ့သလိုပဲ သားရာ။ မင်းအဘိုး ငါ့အဖေ့အကြောင်းလည်း မင်းသိသားနဲ့။ နောက်ကျရင်လည်း အချိန်



www.burmeseclassic.com

www.burmeseclassic.com



မလေးစားလို့၊ စောပြန်ရင်လည်း အချိန်ဖြုန်းတယ် ပြောဦးမှာလေ”

“သိပါမယ် ဖေဖေရာ။ အဲဒါကြောင့်လည်း ရွံ့ပြီး ပြောမိတာပါ။ တစ်ရက်တစ်ရက် အဘိုးရဲ့အချိန်ဇယားတွေထဲ ရှင်သန်လှုပ်ရှားနေရတာ အသက်ရှုကျပ်လို့”

ထိုစကားကြောင့် ဦးလှထွန်းအေး ပြုံးလိုက်မိသည်။ ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆွေထွန်းကို ကြည့်လျက် ...

“အေးကွာ ... ဖေဖေကလည်း သားအရွယ်တုန်းက အဲလိုအတွေး မျိုး တွေးမိဖူးတာပဲကွ။ ဒါပေမဲ့ ခုချိန်မှာ ပြန်စဉ်းစားကြည့်တော့လည်း ဖေဖေ ခုလိုနေနိုင်တာ သားအဘိုးရဲ့အချိန်ဇယားနဲ့ စည်းကမ်းတွေကြောင့်ပဲ သား။ အဘိုးကိုတော့ မပြစ်မှားမိစေနဲ့ သားရေ”

ဆွေထွန်းက အလိုက်သင့် ခေါင်းညိတ်ပြရင်း ...

“ဟုတ်ကဲ့ပါ ဖေဖေ။ သားစိတ်ထဲ အဲလိုသဘောမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ ... တစ်ခါတလေ မွန်းကျပ်တယ်လို့ ခံစားရလို့ပါ”

“သားတို့အရွယ်ကျတော့လည်း အပြင်မှာ လွတ်လွတ်လပ်လပ် နေချင်တာ သဘာဝကျပါတယ်လေ။ ဒါပေမဲ့ ... ဖေဖေကိုယ်တိုင်လည်း သားအဘိုးကို မလွန်ဆန်ရဲဘူးလေ။ ဒီတော့ သားအတွက် အားလပ်ချိန် လေးတွေကို လည်သလိုသာ ဖန်တီးယူပေါ့။ ဖေဖေလည်း အဲလောက်ပဲ ပြောနိုင်မယ်”

“သားနားလည်ပါတယ် ဖေဖေ။ ကျေးဇူးလည်းတင်ပါတယ်”

ဦးလှထွန်းအေးက ပြုံးလိုက်သည်။ ပြီး သတိရဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သားနဲ့သရဖီက ချစ်သူတွေဖြစ်နေကြပြီလား"

"ဗျာ"

ယောက်ျားကြီးတန်မဲ့ ဆွေထွန်း မျက်နှာရဲသွားသည်။ မလုံမလဲ ဟန်ဖြင့် ပြန်ကြည့်လာရင်း ...

"သိပ်, သိပ်တော့မကြာသေးဘူး ဖေဖေ။ ဖေဖေက ဘယ်လိုသိ"

ဦးလှထွန်းအေးက ရယ်ရင်း လက်ကာပြကာ ...

"ဟား ဟား ... ဒီလိုပဲသိတာပေါ့ကွာ။ ဖေဖေလည်း ငယ်ရာက ကြီးလာတာပဲလေ။ ဒါပေမဲ့ ... ဖေဖေ သိနေတယ်ဆိုတာ သရဖီကို သွား မပြောနဲ့ဦး၊ တော်ကြာ ရှက်နေဦးမယ်"

ဆွေထွန်းက ကျေးဇူးတင်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ ဖေဖေ၊ သရဖီက ငွေကြေးချို့တဲ့တာကလွဲရင် ကိုယ် ကျင့်တရားကောင်းတဲ့ မိန်းကလေးပါ။ ဒါပေမဲ့ အဘိုးအနေနဲ့ လက်ခံနိုင်ပါ့ မလားပဲ တွေးပူတယ်"

"အဲလောက်လည်း သောကမများပါနဲ့ ငါ့သားရာ။ မင်းအဘိုးက ငွေကြေးဂုဏ်ခနထက် အချိန်နဲ့ကိုယ်ကျင့်တရားကို ပိုတန်ဖိုးထားပါတယ်။ သူ့ဟာသူ အဆင်ပြေသွားလိမ့်မယ်"

"ဟုတ်ကဲ့"

စကားအဆုံးမှာ နာရီထပ်ကြည့်လိုက်ရင်း ဦးလှထွန်းအေးက ကား ကွန်းတီးလိုက်ပါသည်။ ချက်ချင်းဆိုသလိုပဲ ခြံစောင့်ကြီးက တံခါးဖွင့်ပေး လာ၏။ ❦



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်ရောက်ချင်း သားအဖနှစ်ယောက်စလုံး ကိုယ်လက်သန့်စင်လိုက်ကြသည်။

သတ်မှတ်ထားသည့်အချိန်ရောက်မှ ထမင်းစားခန်းထဲ ဝင်သွားလိုက်၏။ စားပွဲရှည်၏ထိပ်တွင် အခန့်သားနေရာယူကာ မိန့်မိန့်ကြီးထိုင်စောင့်နေသည့် ကျေးဇူးရှင် ဦးပေါ်ထွန်းကို တွေ့လိုက်ရပါသည်။

ဦးပေါ်ထွန်းက သားနှင့်မြေးတို့အား နှုတ်ခမ်းမွေးအောက်မှ ပါးစပ်ကြီးဖြင့် မိန့်မိန့်မားမားကြီး ပြုံးပြလိုက်ပြီး ...

"ထိုင်ကြကွာ၊ အချိန်လေးစားတဲ့အထဲမှာတော့ ထမင်းစားချိန်ကို လေးစားတာ ငါသဘောအကျဆုံးပဲဟေ့"

နှစ်ယောက်သား သတ်မှတ်ထားသည့်ခုံများတွင် အသီးသီးဝင်ထိုင်လိုက်ကြသည်။ ပြီးလျှင် ထမင်းစားနေရင်း စကားမပြောရဟူသော စည်းကမ်းအတိုင်း တိတ်ဆိတ်စွာ ထမင်းစားရဦးမည် မဟုတ်ပါလား။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကုမ္ပဏီသို့ပြန်ရောက်သည့်အချိန်မှာတော့ အင်တာဗျူးရန် ကျန်နေသေးသည့် နောက်ဆုံးတစ်ယောက်အား သရဖီကို ခေါ်ခိုင်းလိုက်သည်။

ယခုတစ်ခါ အင်တာဗျူးရန်ရောက်လာသည့် လူငယ်က ရှေ့က လူတွေလို အင်တာဗျူးဖြေရန်ဆိုပြီး တကူးတကကြီး သပ်ရပ်စွာ ဝတ်စားလာခြင်းမရှိ။ သာမန်လူငယ်တစ်ယောက် ဝတ်စားသလို ဂျင်းဘောင်းဘီနှင့် ဘီရှပ်ကိုသာ ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားသည်။

"ထိုင်ပါ"

ဦးလှထွန်းအေးပြောလိုက်တော့ လူငယ်က စားပွဲရှေ့ကခုံမှာ အသာဝင်ထိုင်လိုက်သည်။ ပြီး . . . ဦးလှထွန်းအေးဘက်က ဘာမှမပြောရသေးခင်မှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် . . . အင်တာဗျူးဖို့ချိန်းထားတဲ့အချိန်က မနက်ကိုးနာရီနဲ့ဆယ့်တစ်နာရီအတွင်းပါ။ ကျွန်တော့်ကို ဘာဖြစ်လို့ စောင့်ခိုင်းထားလဲ မသိဘူး"

ဦးလှထွန်းအေး ဆတ်ခနဲဖြစ်သွားရသည်။ လူငယ်၏ CV ဖောင်ထဲမှနာမည်ကို အမြန်ကြည့်လိုက်ပြီးမှ . . .

"မောင်ရင့်နာမည်က ပြည့်စုံနော်"

"ဟုတ်ပါတယ် အန်ကယ်။ ကျွန်တော့်ကို ဂျိုကာလို့လည်း ခေါ်ကြသေးတယ်ဗျ။ CV ဖောင်မှာတော့ Nick name လိုမယ်မထင်လို့ ထည့်မရေးလိုက်တာပါ"

ဦးလှထွန်းအေးက ခေါင်းညိတ်လိုက်ရင်း . . .

"ထားပါတော့၊ ခုနက မင်း မေးတယ်နော်။ မင်းကို ဘာဖြစ်လို့ နောက်ကျပြီးမှ အင်တာဗျူးဖို့ ခေါ်လဲဆိုတာလေ။ မင်းအနေနဲ့ကော ဘယ်လိုထင်လဲ"

ပြည့်စုံ ခေါင်းကုတ်လိုက်မိသည်။ မလိုအပ်ဘဲ လျှာရှည်မိသော ကိုယ့်ကိုယ်ကိုယ်လည်း ကျိန်ဆဲလိုက်မိ၏။ ဘာပဲဖြစ်ဖြစ် မေးလာတော့လည်း ဖြေရပေလိမ့်မည်။

"အဟဲ . . . အဲဒါက ဒီလိုဖြစ်မယ်ထင်တယ် အန်ကယ်။ အင်တာဗျူးနေတုန်း အန်ကယ့်မှာ ကိစ္စတစ်ခု အရေးပေါ်ဖြစ်လာလို့ ထင်ပါတယ်။ ဒါက တစ်ချက်ပေါ့။ နောက်တစ်ချက်ကတော့ ကျွန်တော့်ရဲ့ကိုယ်ရေးရာဇဝင်ကို ဖတ်ပြီး အန်ကယ်တို့ အလုပ်ခန့်သင့်၊မခန့်သင့် ခဏအချိန်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်တာလည်း ဖြစ်နိုင်တာပဲ။ ထပ်ပြောရရင် ဒုတိယအချက်က ဖြစ်နိုင်ဖို့ ရာခိုင်နှုန်း နည်းပါတယ်"

ဦးလှထွန်းအေး မသိမသာ ပြုံးလိုက်မိသည်။ ပြည့်စုံ၏ကိုယ်ရေးရာဇဝင်ကိုလည်း သေသေချာချာလေး ဖတ်ကြည့်လိုက်၏။ ထူးထူးခြားခြားကြီးတော့ မရှိပါချေ။ အလုပ်ခေါ်သည့်ကြော်ငြာထည့်စဉ်က သတ်မှတ်ထားသောအရည်အချင်းတွေ စာရွက်ပေါ်မှာ အပြည့်အစုံပါပါသည်။ သို့သော်လည်း သမီးဆန္ဒအတိုင်း ထပ်မေးရဦးမည်ပဲ။

"အင်း ... CV ဖောင်ထဲမှာတော့ လိုအပ်တဲ့အရည်အချင်းတွေ ပြည့်စုံသားပဲ။ ဒါပေမဲ့ ချွင်းချက်အနေနဲ့ ပြောစရာတော့ ရှိသေးတယ် မောင်ပြည့်စုံ"

"ပြောပါ အန်ကယ်"

"ဒီလိုကွာ ... ကြော်ငြာအတိုင်းဆိုရင်တော့ ဒီရာထူးက အန်ကယ့်သမီးအတွက် အတွင်းရေးမှူးလိုအပ်လို့ ခေါ်တာပဲ။ ဒါပေမဲ့ ... အန်ကယ့်သမီးက ပြည်ပကနေ နောက်တစ်လကျော်လောက်မှ ပြန်ရောက်မှာ"

"ဗျာ ... ဒါဆို အန်ကယ်တို့ဘက်က အလုပ်ခန့်ရင်တောင် ချက်ချင်းအလုပ်မဆင်းရသေးဘူးပေါ့ ... အဲလိုလားဗျ"

ဦးလှထွန်းအေး ခေါင်းခါလိုက်သည်။

"အဲလိုလည်း မဟုတ်သေးဘူးကွ။ အလုပ်က ခန့်ရင်တော့ ချက်ချင်းခန့်မှာပါ။ ဒါပေမဲ့ အန်ကယ့်သမီးပြန်မရောက်ခင် တစ်လကျော်အတွင်းမှာ အန်ကယ့်အဖေဆီမှာ ဒီရာထူးအတိုင်း အလုပ်ဝင်ပေးရမယ်။ အန်ကယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖေက အဲဒီတစ်လအတွင်းမှာ မင်းရဲ့အရည်အချင်းကို ကြည့်ပြီး ကြိုက်ရင် သူ့မြေး အန်ကယ့်သမီးဆီမှာ အလုပ်ဆက်လုပ်ဖို့ ထပ်ခန့်မယ်။ အကယ်၍များ သူ သဘောမကျဘူးဆိုရင်တော့ မင်းရဲ့အလုပ်ဟာ အန်ကယ့်အဖေဆီမှာပဲ ရပ်စဲခံရလိမ့်မယ်။ မင်းအနေနဲ့ အဲဒီအချက်ကိုကော လက်ခံနိုင်ရဲ့လား''

ပြည့်စုံ စဉ်းစားသွားသည်။ လေပူတစ်ချက်မှုတ်ကာ သေချာအောင် ထပ်မေးလိုက်၏။

''အန်ကယ်ပြောပုံအရဆိုရင် အန်ကယ့်အဖေဆီမှာ အစမ်းခန့်ပုံစံနဲ့ တစ်လအရင်ဝင်လုပ်ရမယ်။ သူကြိုက်ရင် အန်ကယ့်သမီးဆီမှာ ဆက်လုပ်ရမယ်။ သူ့မကြိုက်ရင်တော့ အဲဒီတစ်လပြီးရင် ဒိုးတော့ပေါ့ . . . အဲလိုလား''

''အမှန်ပဲ။ ဒီတော့ မင်းအနေနဲ့ ဒီအလုပ်အပေါ် စိတ်ဝင်စားမှုကော ရှိသေးရဲ့လား''

ပြည့်စုံက ခေါင်းအသာညိတ်လိုက်ရင်း . . .

''စိတ်ဝင်စားပါတယ် အန်ကယ်။ ဒီလိုစိန်ခေါ်မှုရှိတဲ့အလုပ်မျိုး ကျွန်တော်လည်း ကြိုက်ပါတယ်။ ဒီတော့ အန်ကယ်တို့ဘက်က ကျွန်တော့်ကို အလုပ်ခန့်,မခန့် ဘယ်တော့လောက် သိရမလဲဗျ''

ဒီတစ်ခါတော့ ဦးလှထွန်းအေးမျက်နှာက တည်သွားသည်။ ပြည့်စုံက ရှေ့အင်တာဗျူးဖြေသူတွေလို မငြင်းဘဲလုပ်မည်ဟု ဆိုလာ၍ ဖြစ်သည်။ တကယ်တော့ ပြည့်စုံကလည်း အလုပ်ရချင်လို့သာ စိန်ခေါ်မှုကို ကြိုက်တယ်။ ဘာညာနှင့်ပြောချလိုက်ခြင်းသာဖြစ်သည်။ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com


အလုပ်ရလျှင် ပြီးပြီ။ ကျန်တာတွေက နောင်ခါလာ နောင်ခါချေးပဲ။

ဦးလှထွန်းအေးဘက်ကလည်း ပြည့်စုံကိုကြည့်ကာ စွန့်စားလိုစိတ်ရှိသည့် လူငယ်ဖြစ်ချေတယ်ဟု ထင်သွားပုံရသည်။

ထို့ကြောင့် ...

"ဟုတ်ပြီကွာ၊ ခုအတိုင်းဆိုရင်တော့ မင်းနဲ့အန်ကယ် သဘောတူညီမှုရပြီပေါ့"

"ဗျာ ... အန်ကယ်၊ အဲဒါဆို ကျွန်တော့်ကို အလုပ်ခန့်လိုက်ပြီလို့ ဆိုလိုတာလားဗျ"

ဦးလှထွန်းအေးက ခေါင်းညိတ်လိုက်ရင်း ...

"အမှန်ပဲ မောင်ပြည့်စုံ၊ မနက်ဖြန်ကစပြီး မင်း ငါ့အဖေဆီမှာ အလုပ်ဆင်းလို့ရပြီ"

"ကျေးဇူးပါပဲ အန်ကယ်"

စကားအဆုံးမှာပဲ ဦးလှထွန်းအေးက လက်ကာပြလိုက်ပြီး ...

"သိပ်လည်း ကျေးဇူးတင်မနေနဲ့ဦးကွ။ ငါ့အဖေက လူတစ်မျိုး ... မင်းဆက်ဆံကြည့်မှ သိလိမ့်မယ်။ ပြီးတော့ မင်းကို ဒီရာထူးနဲ့မဆိုင် ... အလုပ်တွေ၊ အဲ ... ကုန်ကုန်ပြောရရင် သူခိုင်းချင်တာ ခိုင်းလိမ့်မယ်။ ... သိအောင် ကြိုပြောထားတာ"

ပြည့်စုံကလည်း ခေါင်းညိတ်လိုက်ရင်း ...

"ရပါတယ် အန်ကယ်၊ ကျွန်တော့်နာမည်ကလည်း ဂျိုကာပါ ... ... ဖဲနဲ့တွဲ... အဆင်ပြေပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ တစ်လတော့ ကြည့်ကြသေးတာပေါ့ ကျိုကာရေ"

ထိုစကားကိုတော့ ဦးလှထွန်းအေး စိတ်ထဲမှ ပြောလိုက်ခြင်း ဖြစ်လေသည်။ တကယ်တမ်း အပြင်မှာတော့ ပြည့်စုံဆိုသောကောင် တစ်လတောင် ခံမည်လားမသိ။

မည်သို့ပင်ဖြစ်စေ။

လတ်တလော အလုပ်တစ်ခုတော့ အဆင်ပြေသွားပြီဆိုသည့် စိတ်နှင့် ဦးလှထွန်းအေး လေပူကြီးမှုတ်ချလိုက်မိလေသည်။ ရှေ့မှာ ထိုင်နေသေးသည့် ပြည့်စုံကိုလည်း တစ်ချက် ထပ်ကာအကဲခတ်လိုက်ပါ၏။ နောက်ပိုင်းကျမှ ဘာသံတွေကြားရဦးမည်တော့မသိ။ လောလောဆယ်မှာ တော့ ပြည့်စုံ၏ပုံစံက ယုံကြည်မှုအပြည့်နှင့်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ခြံဝင်းထဲသို့ ခြေနှစ်ချောင်းချရပ်မိလိုက်လျှင်ပဲ ခြံစောင့်ဦးလေးကြီး၏စက်ရုပ်ဆန်ဆန် မေးစကားက ထွက်လာသည်။

"ဆရာကြီးဆီကို အလုပ်ဝင်ဖို့လာတဲ့ ပြည့်စုံဆိုတာထင်တယ်"

ပြည့်စုံက ခေါင်းညိတ်ကာ အပြုံးကိုဖောဖောသီသီ ပြုံးပြလိုက်ပြီး

"ဟုတ်ပါတယ်ဗျ။ အိမ်ထဲမှာ ဦးပေါ်ထွန်း ... အဲ ... ဆရာကြီးရှိလားမသိဘူး"

ခြံစောင့်ဦးလေးကြီးက ခေါင်းမညိတ် ခေါင်းမခါဘဲ မျက်နှာသေသေနှင့်ပြန်ပြောလာသည်။ ဘာလဲဟ။

"အလုပ်ဝင်ဖို့အတွက် ချိန်းထားတဲ့အချိန်က ဆယ်နာရီမဟုတ်ဘူးလား မောင်ရင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ပြည့်စုံ ကြောင်တက်တက်ဖြစ်သွားရပြီး ဖုန်းမှ နာရီကိုကြည့်လိုက်မိသည်။ နာရီက ကိုးနာရီသုံးဆယ့်ငါးပဲ အတိအကျ ဖော်ပြနေသောကြောင့် . . .

"ခုမှ ကိုးနာရီခွဲပဲရှိသေးတာလေ ဦးလေးရဲ့။ နောက်မကျပါဘူး"

ယခုတစ်ခါတွင်လည်း ဦးလေးကြီးက ခေါင်းမညိတ် ခေါင်းမခါ ဘဲ . . .

"စောနေလို့ ပြောတာပါ"

"ဗျာ"

ပြည့်စုံ ခေါင်းကုတ်လိုက်မိသည်။ အလုပ်ကို စောရောက်လာတာ ဘာပြဿနာရှိလို့ပါလိမ့်။ နားမလည်နိုင်ချေ။

ထို့ကြောင့် အူကြောင်ကြောင်ဖြစ်ကာ ပြန်မေးလိုက်မိသည်။

"ဦးလေး . . . ဟို . . . ဦးပေါ်ထွန်းက စောစောလာတာ မကြိုက် လို့လားဗျ"

ဦးလေးကြီးက မလိုမပိုလေး ချွေချွေတာတာပြုံးလိုက်ရင်း . . .

"ကဲ . . . အိမ်ထဲသာဝင်သွားလိုက်တော့ မောင်ရင်ရေ"

ပြည့်စုံလည်း ထပ်ပြောမနေတော့ဘဲ အိမ်ဆီသို့ပဲ လျှောက်လာ ခဲ့လိုက်သည်။ ခြံဝင်းထဲ၌ ရှင်းလင်းသပ်ရပ်နေပုံကိုထောက်လျှင် ဒီမိသား ကြည့်ရတာ စည်းကမ်းရှိမည့်သဘောရှိသည်။

အိမ်ရှေ့ရောက်တော့ တံခါးမကြီးက ဖွင့်ထားသဖြင့် အ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးပေါ်ထွန်းရှိပါသလား ခင်ဗျာ၊ ကျွန်တော်က အလုပ်ဝင်ဖို့လာတဲ့ ပြည့်စုံပါ ခင်ဗျ"

ဧည့်ခန်းအတွင်းတွင် အပ်ကျသံတောင်မကြားရလောက်အောင် ငြိမ်ဆိတ်နေသေးသည်။ ဘယ်သူမှလည်း ရောက်မလာကြ။ အိမ်ရှေ့ အပေါက်ဝမှာရပ်ရင်း ပြည့်စုံ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေမိသည်။ ဧည့်ခန်းထဲကိုပဲ ပိုင်စိုးပိုင်နင်းဝင်ကာ ထိုင်နေရမလား။ ဒါမှမဟုတ် လှည့်ပြန်ရမလား။ ဘာလုပ်ရမည်မှန်း စဉ်းစားမရတော့။

ရပ်နေရင်း စဉ်းစားရင်း ထိုနေရာမှာတင် အချိန်ကုန်လာသည်။ စဉ်းစားရင်း ရပ်နေရင်းက စိတ်ရှုပ်လာရသည်။ ထို့ကြောင့် လေပူတစ်ချက် မှုတ်ထုတ်ရင်း ဖုန်းဖွင့်ကာ နာရီထပ်ကြည့်လိုက်၏။ ဆယ်နာရီထိုးပြီး ကွက်တိပဲ။

ထိုအချိန်မှာပဲ . . .

"ရောက်နေပြီလားကွ"

ရုတ်တရက်ကြားလိုက်ရသည့်အသံကြောင့် ပြည့်စုံ ဆတ်ခနဲ တွန့်သွားရ၏။ အသံလာရာဆီသို့ လှမ်းကြည့်လိုက်တော့ ထင်ရှားသည့် နှုတ်ခမ်းမွေးကြီးကို မျက်နှာပေါ်တွင် ပိုင်ဆိုင်ထားသည့် အသက်ခြောက် ဆယ်ခန့် လူကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ပြည့်စုံ၏စိတ်ထဲတွင်လည်း ထိုလူကြီးကို သူ့အလုပ်ရှင် ဦးပေါ်ထွန်း ဆိုတာ အတတ်သိလိုက်ပါ၏။ ထို့ကြောင့် ခေါင်းညိတ်ကာ အရိုအသေ ပေးရင်း စကားလောကွတ်လုပ်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်ကယ်ကြီး၊ ကျွန်တော် ကိုးနာရီခွဲကျော်ကျော် လောက်ကတည်းက ရောက်နေတာပါ"

အလုပ်အပေါ် စိတ်ရှိယထားကြောင်း အသိပေးလိုက်ခြင်း ဖြစ်သည်။ သို့သော် ဒင်းကြီးပြန်ပြောလာသည့်စကားက ရင်ဝကို ဆောင့်ကန်လိုက်သလို။

"နာရီဝက်တောင် ကြိုရောက်နေတယ် ဟုတ်လား။ အချိန်တွေ သိပ်ပေါ်နေတဲ့ လူမိုက်ပဲ"

'ဗျာ' ... ဟုပင် မရေရွတ်နိုင်ဘဲ နင်သွားရသည်။ ပြည့်စုံ ပြန် မပြောနိုင်ဖြစ်နေချိန်မှာပဲ ဦးပေါ်ထွန်းက ...

"မင်း ဖြုန်းတီးလိုက်တဲ့ နာရီဝက်ဆိုတဲ့အချိန်တွေက နှမြောစရာ ကွာ။ နာရီဝက်ဆိုတာ တော်ရုံအလုပ်တစ်ခု ပြီးတယ်ကွ"

"ဟုတ် ... ဟုတ်ကဲ့ပါ အန်ကယ်ကြီး။ ကျွန်တော် ..."

စကားမဆုံးခင်မှာပဲ ဦးပေါ်ထွန်းက လက်ကာပြလာရင်း ...

"ကဲ ကဲ ... ဘာမှပြောမနေနဲ့တော့၊ လာလေကွာ အိမ်ထဲကို"

ဖိတ်ခေါ်မှုကြောင့် အိမ်ဧည့်ခန်းအတွင်းသို့ ဝင်သွားလိုက်သည်။ ဆက်တီခုံတစ်ခုံတွင် ပြည့်စုံ ဝင်ထိုင်လိုက်ချိန်အထိ ဦးပေါ်ထွန်းက လိုက် ကြည့်နေပါသည်။ မသိမသာလည်း ခေါင်းညိတ်လိုက်ပါသည်။ ပြည့်စုံ၏ ရုပ်ပိုင်းဆိုင်ရာကတော့ သိပ်မဆိုးဘူးဆိုသည့်အထာမျိုး။

ခုံမှာ ဝင်ထိုင်ပြီးချိန်မှာတော့ ... ဦးပေါ်ထွန်းက စေ့စေ့ကြည့်လာ ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲတစ်မျိုးတော့ မထင်နဲ့ကွ။ ငါက လူဘုကလန့်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ . . . အချိန်နဲ့စည်းကမ်းကို အထူးတန်ဖိုးထား လေးစားတဲ့လူလို့တော့ ပြောလို့ရတယ်ကွ"

"ဟုတ်ကဲ့ပါ"

"အချိန်တွေကို အလဟဿ ဖြုန်းတီးမိမှာကို သေလောက်အောင်ကြောက်တဲ့လူပဲဆိုပါတော့"

"ဪ . . . ဟုတ်ကဲ့"

"မင်းပဲ စဉ်းစားကြည့်လေကွာ။ လူ့ဘဝထဲရောက်လာတဲ့ ငါတို့မှာ အချိန်ဘယ်လောက်များရလို့လဲ။ လူ့သက်တမ်းစေ့လို့ သတ်မှတ်ထားတဲ့ အသက်ခုနစ်ဆယ့်ငါးနှစ်ထိနေရရင်တောင် တစ်ဘဝလုံးမှာ ရက်အားဖြင့် ရက်ပေါင်းနှစ်သောင်းကျော်လောက်ပဲ နေရတာကွ"

တရစပ်ပြောနေသောကြောင့် ပြည့်စုံမှာ စကားမထောက်နိုင်ဘဲ ပုတ်သင်ညိုအလား ခေါင်းပဲ တွင်တွင်ညိတ်ပြနေရသည်။ ဦးပေါ်ထွန်းက ဆက်ပြောလာသေး၏။

"ငါဆိုရင်ကွာ ငါ့ဘဝရဲ့အချိန်တွေကို အကျိုးရှိအောင် အသုံးချခဲ့တယ်။ ငါ့သားသမီး၊ ငါ့မြေးတွေကအစ အချိန်ကို စနစ်တကျ သုံးစွဲစေခဲ့တယ်။ ခုချိန်ထိပဲ။ ဒါပေမဲ့ကွာ ခုလို ငါနေနေရတာကို ဘဝင်မကျနိုင်ဘူးဖြစ်နေတယ်"

"ဗျာ . . . အန်ကယ်ကြီး၊ ဘာကိုဆိုလိုချင်တာလဲဗျ၊ ကျွန်တော် သိပ်နားမလည်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ထွန်း ခေါင်းညိတ်လိုက်သည်။ ပြောရန်ဟန်ပြင်လိုက်ချိန်မှာပဲ သူ့ဟန်းဖုန်းဆီမှ အလန်းသံထွက်ပေါ်လာသဖြင့် ပြည့်စုံကို လက်ကာပြရင်း ...

"ခဏကွာ ... ပြီးမှဆက်ပြောမယ်"

ဘာဖြစ်သည်တော့မသိချေ။ ခဏဆိုတော့လည်း ခဏငြိမ်နေလိုက်သည်

ထိုအချိန်မှာပဲ အိမ်ထဲမှ အိမ်အကူဖြစ်ဟန်တူသည့် အဒေါ်ကြီးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ထွက်လာပါသည်။ ကောင်မလေး၏လက်ထဲတွင် ကော်ဖီခွက်နှင့်မုန့်အချို့ ထည့်ထားသည့်ဗန်းကို ကိုင်ထားပြီး အဒေါ်ကြီး၏လက်ထဲမှာတော့ ဂျာနယ်စာစောင်အချို့ကို ကိုင်လာပါသည်။ မနက်စာကော်ဖီသောက်ရင်း ဂျာနယ်ဖတ်ဦးမည်လားမသိ။

စားပွဲပေါ်တွင် ကော်ဖီနှင့်မုန့်ပန်းကန်တို့ကို ချလိုက်ချိန်မှာတော့ ဦးပေါ်ထွန်းက အဒေါ်ကြီး၏လက်ထဲမှ ဂျာနယ်စာစောင်အချို့ကို လှမ်းယူရင်း ပြည့်စုံကို ပြောလိုက်သည်။

"မနက်စာကော်ဖီသောက်ရင်း ဂျာနယ်ဖတ်ဖို့အတွက် ငါ အချိန် နာရီဝက်ယူတယ်ကွ"

ထိုတစ်ခွန်းသာပြောပြီး ထပ်မပြောတော့ချေ။ ပြည့်စုံကိုပင် ကော်ဖီသောက်ပါဦးလားဟု အားနာပါးနာလေး ခေါ်ခြင်းမရှိ။ ရပါသည်။ သူ နာရီဝက်အချိန်ယူတော့ ကိုယ်လည်း နာရီဝက်အားတာပေါ့ဟု ပြည့်စုံ တွေးလိုက်မိသည်။ ထို့ကြောင့် အိပ်ကပ်ထဲမှ ဖုန်းထုတ်ကာ facebook



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေလိုက်၏။ Facebook မှာက သူ ဂျာနယ်တွေထက်တောင် သတင်းစုံသေး။ အတင်းအဖျင်းတွေလည်း ပါသေး။

နာရီဝက်ဆိုသောအချိန် ဘယ်လိုကုန်သွားမှန်းမသိချေ။ Facebook ကြည့်လျှင် ထိုကဲ့သို့ အချိန်ကုန်မှန်းမသိ ကုန်သွားတတ်တာ သဘာဝပဲ။

ခုလည်း ဦးပေါ်ထွန်း၏ချောင်းဟန့်သံကြောင့်သာ ပြည့်စုံ သတိဝင်လာရခြင်းဖြစ်၏။

ဦးပေါ်ထွန်းက ဂျာနယ်ကို စားပွဲပေါ် အသာတင်လိုက်ရင်း ...

"ဒီနှစ်ပိုင်းတွေမှာ စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ နိုင်ငံရေးသတင်းတွေပဲကွ။ မင်းကော နိုင်ငံရေးဝါသနာပါလား ပြည့်စုံ"

ခပ်အေးအေးပဲ ပြန်ဖြေလိုက်ပါသည်။

"ကျွန်တော့်အနေနဲ့ကတော့ စိတ်ဝင်စားတဲ့အဆင့်ပါပဲ အန်ကယ်ကြီး။ နိုင်ငံရေးအရွေ့ကို စိတ်ဝင်စားပါတယ်။ ကျွန်တော်မှ မဟုတ်ဘူး နိုင်ငံသားမှန်ရင် ကိုယ့်နိုင်ငံရဲ့အရေးကိစ္စကို စိတ်ဝင်စားရမှာပဲလေ။ နောက်ဆုံးကုန်ကုန်ပြောရရင် ကိုယ့်မိသားစုအရေးဟာလည်း နိုင်ငံရေးပါပဲ အန်ကယ်ကြီး"

ဦးပေါ်ထွန်း မျက်နှာတည်သွားပြီးမှ အားရပါးရ ပြုံးလိုက်ကာ...

"အေးကွ ... မင်းပြောတဲ့စကားလေး ကောင်းတယ်။ မိသားစုဆိုလို့ မနက်က စကားလေး ပြန်ဆက်ရဦးမယ်"

"ဟုတ်ကဲ့ ... အန်ကယ်ကြီး ဘဝင်မကျဖြစ်နေတဲ့ကိစ္စလား"

ခေါင်းညိတ်ရင်း ဦးပေါ်ထွန်းက ...



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲ၊ ဒီလိုကွာ ... ငါရော ငါ့မိသားစုဝင်တွေရော နောက်ဆုံး ဦးအိမ်က ဝန်ထမ်းတွေအားလုံး သူ့အချိန်နဲ့သူ့တာဝန်တွေနဲ့ စနစ်တကျ သွားနေကြတယ်။ ငါ့မှာလည်း တစ်ရက်တာအတွက် ဘာလုပ်ပြီး ဘာလုပ် ရမယ်ဆိုတာ အချိန်ဇယားနဲ့ပဲ။ ဒါပေမဲ့ကွာ ငါ့ကုမ္ပဏီကို ငါ့သားနဲ့ငါ့မြေး တွေဆီ လွှဲပေးပြီးချိန်မှာတော့ ငါ့အတွက် အချိန်တွေက ပိုထွက်လာတယ်။ အဲဒီလို အချိန်တွေ ပိုထွက်လာတာကို ငါ လုံးဝခံစားလို့မရဘူးကွာ။ ဘဝင် သည်း မကျဘူး။ ဒီတော့ အဲဒီအချိန်တွေမှာ ငါ ဘာလုပ်သင့်လဲ။ အဲဒီ အချိန်တွေကို အလဟဿကုန်ဆုံးသွားတယ်လို့ မခံစားရအောင် ဘာလုပ် ရမလဲ၊ ငါ အဲဒါကို သိချင်တယ် ပြည့်စုံ"

ပြည့်စုံ စဉ်းစားရင်းက နားသပ်စပ်ကို လက်နှင့် ခေါင်းဖွဖွကုတ် လိုက်မိသည်။

ဒီဘိုးတော်ကြီးရဲ့ကိစ္စက လွယ်မလိုနဲ့ လက်ဝင်မယ့်ကိစ္စပဲ။

"ခဏ အန်ကယ်ကြီး ... ကျွန်တော့်ကို အလုပ်အစမ်းခန့်တာက အန်ကယ်ကြီး ခုဖြစ်နေတဲ့ ပြဿနာကို ဖြေရှင်းခိုင်းဖို့လားဗျ"

ပြည့်စုံ၏အမေးစကားကြောင့် ဦးပေါ်ထွန်းက ပါးနပ်သည့်ဟန်ဖြင့် ပြုံးလိုက်ကာ ...

"မင်းတွေးတာမှန်တယ် ပြည့်စုံ။ ငါက စာရွက်ပေါ်က အရည် အချင်းတွေကို သိပ်မယုံတတ်ဘူးကွ"

ပြည့်စုံက အလိုက်သင့် ပြန်ပြုံးပြလိုက်ပြီး ...

"ဟုတ်ကဲ့ပါ အန်ကယ်ကြီး။ ကျွန်တော် သဘောပေါက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမဲ့ အန်ကယ်ကြီးရဲ့လိုအပ်ချက် တစ်နည်းအားဖြင့် ပြဿနာပေါ့။ အဲဒါကို ဖြေရှင်းဖို့ဆိုရင် တစ်ရက်တာအတွက် အန်ကယ်ကြီးရဲ့လက်ရှိအချိန်ဇယား ကို ကျွန်တော် သိမှဖြစ်မယ်''

စကားအဆုံးမှာ ဦးပေါ်ထွန်း စဉ်းစားသွားသည်။ ပြီးမှ ပြည့်စုံကို ပြန်ကြည့်လာရင်း . . .

''သဘောပေါက်ပြီ ပြည့်စုံ၊ မင်းသိချင်တာတွေကို ပါးစပ်နဲ့တော့ မပြောချင်ဘူးကွာ''

ဒါဆို စာရွက်နဲ့ရေးပေးမှာလား၊ ကွန်ပျူတာစာစီပြီး ပေးမှာလားဟု တွေးလိုက်မိသေးသည်။ သို့သော် ပြောလာသည်က ထိုသို့မဟုတ်။

''မင်း ငါနဲ့ အိမ်မှာအတူနေရင်း ငါ့ရဲ့အချိန်ဇယားကို လက်တွေ့ လေ့လာတာ ပိုကောင်းလိမ့်မယ် မဟုတ်ဘူးလား''

ပြည့်စုံက ခေါင်းညိတ်ပြလိုက်ကာ . . .

''ကောင်းပါတယ် အန်ကယ်ကြီး။ ကျွန်တော်လည်း အန်ကယ်ကြီး ဆီမှာ အလုပ်ဆင်းနေပြီးသား ဖြစ်သွားတာပေါ့''

စကားအဆုံးမှာတော့ ဦးပေါ်ထွန်း အားရပါးရ ပြုံးလိုက်ပါသည်။ ကစားစရာအသစ်တစ်ခု ရသွားသဖြင့် ပျော်ရွှင်သွားသည့် ကလေးတစ် ယောက်၏အပြုံးမျိုးလည်း ဖြစ်၏။

ပြည့်စုံလည်း ထိုင်နေရာမှ ထရပ်လိုက်ရင်း . . .

''အဲဒါဆိုရင်တော့ အန်ကယ်ကြီးအိမ်ထဲက သွားခွင့်လာခွင့်ရှိတဲ့ နေရာတွေကို ကျွန်တော် လေ့လာချင်တယ်။ ဥပမာ . . . အန်ကယ်ကြီးရဲ့


www.burmeseclassic.com

www.burmeseclassic.com



တဖက်ခန်းလိုမျိုးပေါ့"

ဦးပေါ်ထွန်းက ပခုံးအသာတွန့်ရင်း လက်နှစ်ဖက်ကို ဖြန့်ပြလေသည်။ မင်းသဘောပဲဆိုသည့်အထာမျိုး။ အံမယ် ... အလာကြီးဟ။

ထို့နောက်မှာတော့ ပြည့်စုံလည်း လက်ရှိရောက်နေသည့် ညေ့ခန်းကျယ်ကြီးထဲ ပတ်ကြည့်လိုက်မိသည်။ ပထမဆုံး စိတ်ဝင်တစား သွားကြည့်မိသည်က နံရံတွင် ချိတ်ဆွဲထားသည့် မိသားစုဓာတ်ပုံပဲ ဖြစ်လေသည်။

"ဟင်"

ဦးပေါ်ထွန်းတို့မိသားစုပုံကို ကြည့်ကာ အံ့ဩသံလေး မသိမသာပြုလိုက်မိ၏။ ဓာတ်ပုံထဲတွင် ဦးပေါ်ထွန်းနှင့် သူ့မိန်းမဖြစ်ဟန်တူသည့် အန်တီကြီးတစ်ယောက်။ နောက်ပြီး မနေ့က သူ့ကို အင်တာဗျူးလုပ်ခဲ့သည့် လူကြီးနှင့်သူ့မိန်းမဟု ယူဆရသူ။ နောက်ထပ် ဓာတ်ပုံထဲပါဝင်သူတွေကတော့ သူနှင့် အသက်အရွယ်မတိမ်းမယိမ်းလောက်ရှိမည့် မောင်နှမနှစ်ယောက်တို့၏ပုံလည်း ပါဝင်နေလေသည်။ ပြည့်စုံပါးစပ်က အံ့ဩသံထွက်သွားရခြင်းမှာ ထိုဓာတ်ပုံထဲမှ ပျိုမျစ်သည့်ကောင်မလေးက သူ့အလုပ်ရှင်ဖြစ်လာမည့် သူဌေးမ,လားဟု ထင်လိုက်၍ဖြစ်၏။

ပြည့်စုံရပ်ကြည့်နေချိန်မှာပဲ ဦးပေါ်ထွန်းက ဘေးနားတွင် လာရပ်ကာ ...

"ဒီဓာတ်ပုံထဲမှာပါတဲ့ ငါ့မိန်းမနဲ့ ငါ့ချွေးမကတော့ လူ့လောကထဲမှာ မရှိကြတော့ဘူးကွ။ ငါတို့ကို စောစောစီးစီး ခွဲသွားကြတယ်"

အသံက ဆွေးမြည့်သံတွေ ပါနေသည်။ အင်းလေ ... သူလည်း



www.burmeseclassic.com

www.burmeseclassic.com



လူသားဆန်စွာ လွမ်းမှာပေါ့။ သတိရပေမပေါ့။

"ခုတော့ ငါ့ကုမ္ပဏီကို ငါ့သားနဲ့ အဲဒီကောင် ငါ့မြေးက ဦးစီးနေတယ်။ မြေမလေးနွေယွန်းကတော့ ပြည်ပမှာ ကျောင်းဆက်တက်နေတာ။ သူလည်း နောက်လကုန်လောက်ဆို ပြန်လာတော့မှာလေ"

နွေယွန်းဆိုသည့်နာမည်ကို စိတ်ထဲကနေ ခေါ်ကြည့်လိုက်မိသည်။ ထိုအချိန်မှာပဲ ဦးပေါ်ထွန်းက ...

"လာကွာ ... မင်းကြည့်ချင်တယ်ဆိုတဲ့ ငါ့စာကြည့်ခန်းထဲ သွားရအောင်"

နှစ်ယောက်သား စာကြည့်ခန်းဘက်ဆီ လျှောက်လာခဲ့ကြသည်။ စာကြည့်ခန်းထဲတွင် အလုပ်တွေက ထင်ထားတာထက်ပိုပြီး စုံလင်လှသည်။ ရှားပါးစာအုပ်တွေပင်မနည်း။

ဦးပေါ်ထွန်းက ရှားပါးစာအုပ်အချို့ကို ဆွဲထုတ်ပြရင်း ...

"အေးကွ ... ဒီနေ့ မင်းရောက်လာတော့လည်း ငါ့အတွက် အမှုင်းပြေသလိုပဲကွ"

လွတ်ခနဲထွက်လာသည့်စကား။ ဦးပေါ်ထွန်းပါးစပ်မှ ရုတ်တရက်ထွက်လာသည့်စကား ကြားလိုက်မိချိန်မှာတော့ ပြည့်စုံ ခေါင်းထဲတွင် အသိတစ်ခု ဖျတ်ခနဲ လင်းပွင့်သွားရသည်။

ထိုအသိကတော့ ...

ဦးပေါ်ထွန်း လက်ရှိ သူ့ကိုယ်သူ ဘဝင်မကျသောအနေအထားအချိန်ရွေ့ပိုနေသည်ဟူသော ခံစားချက်တွေ ဖြစ်ပေါ်နေရခြင်းသည် အထီး



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်ငြိုးငွေ့ခြင်းများကို ရာနိုင်နှုန်းများများ ပိုင်ဆိုင်နေရခြင်းကြောင့် ဖြစ်လေသည်။ ဒါဆို ဦးပေါ်ထွန်းအတွက် လိုအပ်နေတာက ဘာလဲ။

အပြောင်းအလဲဟု ပြည့်စုံက လောလောဆယ် ခေါင်းစဉ်တပ်ထားလိုက်ပါသည်။

ထိုသို့ဖြင့်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ရပ်ကွက်ထဲပြန်ရောက်တော့ အိမ်တန်းမပြန်သေးဘဲ ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ဖြစ်သည်။ တစ်ယောက်တည်းထိုင်နေရင်း ဒီနေ့ ကြုံတွေ့ခဲ့ရသည်များကို ပြန်တွေးကာ စိတ်ထဲ စားမြုံ့ပြန်ရင်း ပြုံးနေမိသေး ၏။

ထိုအချိန်မှာပဲ ...

"ဟေ့ကောင် ... လက်ထဲမှာလည်း ဖုန်းမကိုင်ထားဘဲ ဘာဖြစ်လို့ တစ်ယောက်တည်း ပြုံးနေတာလဲဟ"

သူငယ်ချင်းတင်စိုး၏စကားကြောင့် ပြည့်စုံလည်း ကြောင်တက် တက်ဖြစ်သွားရပြီး ...

"မင်းစကားကြီးက ဘာလဲ တင်စိုးရာ၊ ကိုယ့်ဟာကိုယ်ပြုံးတာ





www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ဖုန်းကိုင်ရမှာလား၊ ဒုက္ခပဲ"

စကားအဆုံးမှာ တင်စိုးက မျက်နှာထားကို မဲ့ကာရွဲ့ကာလုပ်လျက်

"ပြည့်စုံရာ ... မင်း ဒါလေးတောင် မသိဘူးလား၊ ခုခေတ်ကြီး ထဲ တစ်ယောက်တည်း ပြုံးနေတတ်တဲ့လူတွေရဲ့လက်ထဲမှာ ဖုန်းတစ်လုံး ရှိတတ်ကြတယ်ကွ၊ ပြုံးတယ်ဆိုတာကလည်း အဲဒီဖုန်းနဲ့ပဲ အင်တာနက်ကနေ chatting ဝင်ရင်း ပြုံးနေတတ်ကြတာ၊ ဆယ်ယောက်မှာ ကိုးယောက်က အဲဒီအတိုင်းပဲ"

ထိုစကားကြောင့် ပြည့်စုံက ထပ်ကာ ပြုံးလိုက်မိပြီး ...

"ဩော် ... အဲလိုလား၊ မင်းပြောတဲ့အတိုင်း မှန်တယ်ဆိုရင်တောင် ဆယ်ယောက်ထဲက ကျန်တဲ့တစ်ယောက်က ငါပဲဖြစ်မှာ"

"ဟင် ... ဒါဆို မင်းက chatting ဝင်နေလို့ ပြုံးတာ မဟုတ် ဘူးပေါ့"

ပြည့်စုံက ...

"အဲဒီထက်ပိုတယ်"

တင်စိုး မျက်ခုံးပင့်သွားသည်။

"ဟေ ... အဲ့ဆို မင်းက ကောင်မလေးနဲ့ အပြင်မှာ လူချင်းတွေ့ ပြီး စကားပြောခဲ့တာလား"

"အဲ့ထက်ပိုသေးတယ် သားကြီး"

ပင့်ထားသောမျက်ခုံးအောက်မှ မျက်လုံးပြူးထွက်လာသည်။

"ဟာ ... အဲ့ထက်ပိုတယ်ဆိုတော့ အဲဒီကောင်မလေးနဲ့ ဟိုဟာ ယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ နစ်ယောက်တည်း ...''

''ဟော့ကောင်''

ဒီတစ်ခါတော့ ပြည့်စုံကပဲ ကမန်းကတန်း ပါးစပ်လှမ်းပိတ်လိုက်ရသည်။

''ဟော့ကောင် ... မင်းပါးစပ်ကြီးကလည်း မင်းမဲ့စရိုက်ဆန်လိုက်တာကွာ၊ အဲဒီထက်ပိုတယ်ဆိုတာက ငါ့အတွေးနဲ့ငါပါ၊ ငါ အလုပ်တစ်ခုရလာပြီလေ၊ အဲဒီအလုပ်နဲ့ပတ်သက်ပြီး ကျေနပ်စရာလေးတွေ ရှိလာလို့ပါ''

ထိုအခါမှ တင်စိုးက သဘောပေါက်ဟန်ဖြင့် ...

''ဪ ... အဲလိုလား၊ ကျေနပ်ရအောင် အလုပ်က လစာသိပ်ကောင်းနေလို့လား''

ဖြေရပြန်သည်။

''သင့်တင့်တဲ့လစာပါပဲ''

''ဒါဆို လုပ်ပိုင်ခွင့်ပိုရ ရာထူးကြီးလို့လား ပြည့်စုံ''

''အဲလိုလည်း မဟုတ်ဘူး''

''ဟာကွာ ... ဒါဆို သူဌေးက သိပ်သဘောကောင်းနေလို့ ဖြစ်မယ်''

ခေါင်းခါလိုက်ရင်း ...

''ဟော့အေး ... ဘုဂလန့်ကြီး''

တင်စိုးတစ်ယောက် မျက်လုံးပြူးနေရင်းက နှာခေါင်းပါ ပွလာသည်။ ❦



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံ ဆက်ပြောလိုက်သည့်စကားကြောင့် တင်စိုးလည်း ထခုန် မိမတတ် အံ့ဩဘနန်းဖြစ်သွားရလေ၏။

"ငါ့အလုပ်က အထီးကျန်နေတဲ့ လူမှန်ကြီးတစ်ယောက်ကို စိတ် ပျော်ရွှင်အောင် လုပ်ပေးရမှာ"

"ဟေ"

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

ပထမဆုံး ဦးပေါ်ထွန်းနှင့်ဆုံသည့်နေ့ကတော့ စကားတွေ တော်တော်များများ ပြောဖြစ်ခဲ့သည်။ စကားအသွားအလာတွေအရ ဦးပေါ်ထွန်းသည် သူ့ကိုယ်သူ ပြည့်စုံပြီဟု ထင်ထားသော်လည်း သူ့ကိုယ်သူပင် မသိနိုင်အောင် အထီးကျန်ခြင်းဝေဒနာကို ခံစားနေရခြင်းဖြစ်သည်။

ပြည့်စုံပြီဟုထင်ထားသော သူ့ဘဝကြီးတွင် လူ့ဘဝ၏အနှစ်သာရဖြစ်သော ပျော်ရွှင်မှုတွေမရှိ။ ထိုပျော်ရွှင်မှုကွက်လပ်ကြီးကိုလည်း သူ မမြင်နိုင်သဖြင့် မရှာဖွေသည့်သဘောမျိုး ဖြစ်နေသည်။

ထိုကဲ့သို့ဆိုလျှင် သူ၏စည်းကမ်း၊ သူ၏အချိန်ဇယားပုံစံခွက်ထဲတွင်နေထိုင်နေရသော သူ့မိသားစု၊ နောက်ဆုံး သူ့အိမ်က ဝန်ထမ်းတွေသည်လည်း ပြည့်ဝသောပျော်ရွှင်မှုတွေရှိမည်မဟုတ်။ သူ့အိမ်က ဝန်ထမ်းတွေ စက်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆန် လှုပ်ရှားနေခြင်းကပင် သိသာထင်ရှားနေသည်။

ထို့ကြောင့် ဦးပေါ်ထွန်းကို ပြောင်းလဲပေးရန်မှာ စနစ်တကျ စီစဉ်မှ ဖြစ်မည်ဆိုတာ ပြည့်စုံ တွေးထားလိုက်ပါသည်။ ဒီအတိုင်း မျှောလိုက်နေလျှင် ကိုယ်လည်း သူ့ပုံစံခွက်ထဲဝင်သွားမှာ သေချာလောက်၏။

နောက်ပိုင်းရက်တွေမှာတော့ ပြည့်စုံ မသိမသာ စကားစကြည့်လိုက်၏။

"အန်ကယ်ကြီး ...တစ်ရက် တစ်ရက် အိမ်ထဲမှာပဲနေရတာ မပျင်းဘူးလားဗျ။ အပြင်လေး, ဘာလေး သွားချင်စိတ်မရှိဘူးလား"

ဦးပေါ်ထွန်းမျက်နှာက တည်သွားသည်။ ချက်ချင်းပဲ ...

"အပြင်သွားမယ် ဟုတ်လား ပြည့်စုံ။ မင်းအနေနဲ့ အပြင်သွားဖို့ စဉ်းစားတာ အကြံကောင်းလို့ ထင်လို့လား"

ပြည့်စုံ ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားရသည်။ ဦးပေါ်ထွန်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီးမှ ...

"ငါတို့နိုင်ငံက ရာသီဥတုပူတဲ့နိုင်ငံကွ။ အပြင်ထွက်ရင် ပထမဆုံး ခံစားရမှာက အပူဒဏ်ပဲ။ ကိုယ်သွားချင်တဲ့နေရာရောက်ဖို့ အဲဒီအပူဒဏ်ကို ရှောင်ရင်း အချိန်က ကုန်ဦးမယ်။ ကဲ ပြောကြည့်ပါဦး ... အပြင်ထွက်ပါပြီတဲ့ မင်း ဘယ်ကိုသွားမလဲ"

"ဩော် ...အန်ကယ်ကြီးကလည်း နေ့လယ်နေ့ခင်းဆိုရင် ရုပ်ရှင်ကြည့်ကာတို့,ဘာတို့ လုပ်လို့ရတယ်လေ။ ဒါမှမဟုတ် ညနေပိုင်း ဆိုရင်လည်း ကန်ဘောင်ဘက်လမ်းလျှောက်ပြီး လေကောင်းလေသန့်



www.burmeseclassic.com

www.burmeseclassic.com



ရှုလို့ရတာပေါ့"

စကားအဆုံးမှာ ဦးပေါ်ထွန်းက ခေါင်းခပ်သွက်သွက်ခါရင်း ရယ်တော့သည်။

"မင်းကွာ ရုပ်ရှင်ကြည့်ဖို့အတွက်များ အပူဒဏ်ခံပြီး အပြင်ထွက်၊ ပြီးရင် လူတွေကြားထဲ တိုးဝှေ့အချိန်ကုန်ခံပြီးမှ တစ်နာရီခွဲလောက် ဖိမ်ခံရမယ့်ကိစ္စပဲကွ။ သိပ်မနိုပ်သေးပါဘူး။ ငါ့အိမ်ထဲမှာလည်း ရုပ်ရှင်ကြည့်ခန်းလေး ရှိပါတယ်ကွ။ ကြည့်ချင်တဲ့ဇာတ်ကားကို အေးအေးဆေးဆေး ကြည့်လို့ရပါတယ်"

"ဟာဗျာ ... အန်ကယ်ကြီးကလည်း"

ပြောရင်း စိတ်အိုက်လာသည့်ပုံစံနှင့် ပြည့်စုံက ခေါင်းကုတ်လိုက်သည်။ ဦးပေါ်ထွန်းကတော့ ရယ်မြဲရယ်လျက်။

"အဲဒါကြောင့် ပြောတာပေါ့ကွ။ ကိုယ်လုပ်ချင်တဲ့ကိစ္စတစ်ခုကို လိုအပ်တဲ့အချိန်ထက် အပိုကုန်ခံရတာလောက် စိတ်ပျက်ရတာ မရှိဘူး"

ဦးပေါ်ထွန်းကတော့ သူ့အတွေးနှင့် သူ နိုင်နိုင်မာမာ ပြောနေလေပြီ။ ပြည့်စုံလည်း တခြားတစ်နည်း ပြောင်းစဉ်းစားရတော့၏။ စဉ်းစားတော့လည်း အကြံတစ်ခုရလာတာမို့။

"အင်း ... အန်ကယ်ကြီး ပြောတာတွေလည်း မှန်သင့်သလောက်တော့ မှန်ပါတယ်ဗျ။ ရုပ်ရှင်ဆိုတာကလည်း ကိုယ်တတ်နိုင်ရင် တတ်နိုင်သလို အိမ်မှာ အသေးစားရုပ်ရှင်ကြည့်ခန်းလေး လုပ်ထားလို့ ရတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲလေ ... ကိုယ်ကြည့်ချင်တဲ့ ဇာတ်ကားကိုတောင် ရွေးကြည့်လို့ရသေးတယ်"

လက်ရှိရုံတင်နေတဲ့ ဇာတ်ကားတော့ ကြည့်လို့မရပါဘူးဗျာဟု စကားကပ်ပြောရန် ကြံလိုက်မိသေးသည်။ သို့သော်လည်း တခြားပြောစရာရှိသေးသည်မို့ လိုရင်းကိုပဲ ဆက်ပြောလိုက်၏။

"အင်း ... ကန့်ပေါင်သွားပြီး ကျန်းမာရေးအတွက် လမ်းလျှောက်ဖို့ဆိုတာလည်း အန်ကယ်ကြီးဘက်ကကြည့်ရင် ကိုယ့်အိမ်မှာပဲ လမ်းလျှောက်စက်နဲ့ လျှောက်လို့ရတယ်လို့ ပြောဦးမှာပဲ"

"ပြောရမှာလည်း အမှန်ပဲကိုး"

ပြည့်စုံက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ... ဘဝမှာ အချိန်ပေးပြီး စိတ်ချမ်းသာမှုအတွက် သွားသင့်တဲ့နေရာတွေ ရှိသေးတယ် အန်ကယ်ကြီးရေ့၊ ဥပမာ ... ကမ်းခြေလိုနေရာမျိုးဗျာ။ အဲဒီခံစားမှုမျိုးကိုတော့ အန်ကယ်ကြီးလည်း အိမ်မှာလုပ်ယူလို့မရဘူး၊ ကမ်းခြေမှာ အပန်းဖြေဖို့အတွက် အချိန်ပေးကို ပေးရမှာပဲ"

ထိုစကားကြောင့် ဦးပေါ်ထွန်းက မျက်မှောင်ကြုတ်လိုက်ကာ ..

"ဟင် ... ငါက ဘာကိစ္စ ကမ်းခြေကိုသွားရမှာတုံး၊ အားအားယားယားကွာ"

ပြည့်စုံက သဘောကျသလို ပြုံးလိုက်ရင်း ...

"အားအားယားယားမို့လို့ ပြောတာပေါ့ဗျ။ ခု အန်ကယ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာအလုပ်ရှိလို့လဲ။ သူများတွေဆို ကမ်းခြေမှာ အပန်းဖြေချင်လွန်းလို့ မအားတဲ့ကြားက အချိန်ပေးပြီးသွားကြတာ။ အနံကယ်ကြီး စိတ်အပြောင်း အလဲဖြစ်ချင်ရင်တော့ ခရီးထွက်သင့်တယ်''

စကားအဆုံးမှာတော့ ဦးပေါ်ထွန်း ငြိမ်ကာစဉ်းစားသွားသည်။ အတန်ကြာမှ ...

"ငါ့ဘဝမှာတော့ အလုပ်နဲ့အိမ်နဲ့ပဲ သွားလာခဲ့တာများတယ်။ ခရီး ဆိုတာမျိုးကလည်း အလုပ်ကိစ္စကြောင့် သွားစရာပေါ်လာတော့မှ သွား လိုက်တာပဲ။ မင်းပြောသလို အပန်းဖြေတဲ့ပုံစံမျိုးတော့ သွားဖို့ မစဉ်းစား မိခဲ့ဘူး။ ဒါနဲ့ မင်းပြောသလို အပန်းဖြေခရီးသွားလိုက်ရင်ကော ငါ့အတွက် ဘာရမလဲ''

"ဘာမှမရဘူး''

ပြည့်စုံ၏အဖြေကြောင့် ဦးပေါ်ထွန်း မျက်လုံးပြူးသွားရင်း ...

"ဟာကွာ ... ဘာမှမရဘဲ ငါက သွားရမှာလားကွ''

ပြည့်စုံ ထပ်ကာပြုံးလိုက်သည်။

"ရုပ်ဝတ္ထုအားဖြင့်တော့ ဘာမှမရဘူးလို့ ဆိုလိုတာပါ။ အပန်းဖြေ ခရီးဆိုတာက စိတ်ကြည်လင်အေးချမ်းဖို့၊ စိတ်အပြောင်းအလဲဖြစ်ဖို့ သွား တာလေ။ ခရီးစဉ်တစ်ခုမှာ ကြိုတင်မမြင်ရနိုင်တဲ့ စိတ်လှုပ်ရှားစရာတွေ အများကြီး ရှိနေတယ်ဗျ။ အဲဒါကြောင့်လည်း နိုင်ငံခြားသားတချို့ဆိုရင် သူတို့ဘဝရဲ့ သုံးပုံတစ်ပုံလောက်အချိန်တွေကို ခရီးတွေပဲ သွားနေကြတာ။ ခုဆိုဗျာ အနံကယ်ကြီးအနေနဲ့ ဘဝမှာ အချိန်ဇယားနဲ့ အလုပ်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com


လုပ်ခဲ့ပြီးပြီ။ ခုလို အေးအေးချမ်းချမ်း၊ ပေါ့ပေါ့ပါးပါးနေရမယ့်အချိန်တွေမှာ ပုံစံခွက်ထဲက ခဏလောက်ရုန်းထွက် ကြည့်လိုက်ပါ။ ကျွန်တော်ပြောသလို စိတ်အပြောင်းအလဲမဖြစ်ဘူးဆိုရင် ခု ဒီအစမ်းခန့်လအတွက် ကျွန်တော် လစာမယူဘူးဗျာ''

ဒီတစ်ခါတော့ ဦးပေါ်ထွန်းလည်း နဖူးကြောကြီးတွေ ရှုံ့အောင်အထိ ဖိဖိစီးစီးစဉ်းစားသွားသည်။ ပြီးမှ အတော်ကြီး ခက်ခက်ခဲခဲ ဆုံးဖြတ်လိုက်ရသောပုံစံဖြင့် . . .

''အေးကွာ . . . ခရီးစဉ်တစ်ခုမှာ ကြိုတင်မသိနိုင်တဲ့ စိတ်လှုပ်ရှားတွေ ရှိတယ်ဆိုတဲ့စကားကို ငါ စိတ်ဝင်စားမိတာ အမှန်ပဲ။ ဒီတော့ ငါ စွန့်စားကြည့်ချင်တယ်။ ခရီးစဉ်တစ်ခု မင်းစီစဉ်လိုက်ပါလား''

''သိပ်ကောင်းတဲ့လက်ခံမှုပဲ အန်ကယ်ကြီး။ အန်ကယ်ကြီးအတွက် စိတ်အပြောင်းအလဲ ဖြစ်ကိုဖြစ်စေရမယ်လို့ ကျွန်တော် အာမခံပါတယ်''

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ညဉ့်ဦးပိုင်းအချိန်လောက်တွင် သူ့ထံသို့ ဦးလှထွန်းအေး ဖုန်းဆက်လာသဖြင့် ပြည့်စုံ အံ့သြသွားရသည်။ ဖုန်းထဲတွင် ပြောတာက နောက်ဆယ့်ငါးမိနစ်အတွင်း ဆိုင်တစ်ဆိုင်ဆိုင်မှာ ခဏဆုံချင်သည်တဲ့။

အကြောင်းကိစ္စကို ဖုန်းပြောစဉ်က မေးရန် စိတ်ကူးမိသော်လည်း ဦးလှထွန်းအေးက ဆုံမည့်ဆိုင်နေရာကို ခပ်မြန်မြန်ပြောပြီး ဖုန်းချသွားသဖြင့် မမေးလိုက်ရ။

သို့နှင့် ချိန်းဆိုထားသည့်ဆိုင်သို့ ပြည့်စုံတစ်ယောက်တည်း လာခဲ့သည်။ ဆိုင်ထဲသို့ဝင်ပြီး ဝေ့ကြည့်လိုက်တော့ ဦးလှထွန်းအေးက ရောက်နေပြီ။ တစ်ယောက်တည်းမဟုတ်။ ကိုယ်နှင့် ရွယ်တူလောက်ရှိမည့် သူ့သားလည်း ပါလာသည်။ ဒါကလည်း အိမ်မှာတုန်းက ဓာတ်ပုံ မြင်ဖူးထား



www.burmeseclassic.com

www.burmeseclassic.com



သည်မို့ မှန်းဆလိုက်ခြင်းဖြစ်၏။

သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်တော့ ဦးလှထွန်းအေးက နာရီတစ်ချက်ကြည့်လိုက်ကာ . . .

"မင်း ငါးမိနစ်တောင် နောက်ကျတယ် ပြည့်စုံ"

ထိုစကားကြောင့် ပြည့်စုံလည်း အူကြောင်ကြောင် ဖြစ်သွားရပြီးမှ ရယ်လိုက်ရင်း . . .

"ဩော် . . . အန်ကယ်ကလည်းဗျာ၊ ကျွန်တော်က တက္ကစီ ငှား လာရတာဗျ။ နည်းနည်းပါးပါးတော့ နောက်ကျမှာပေါ့"

ပြည့်စုံစကားကြောင့် ဆွေထွန်းက ဝင်ပြောလာသည်။

"ဟုတ်သားပဲ။ အခုက . . . အလုပ်ချိန်မှ မဟုတ်တာ ဖေဖေရာ"

ထိုအခါမှ ဦးလှထွန်းက အားနာဟန်ဖြင့် ရယ်လိုက်ပြီး . . .

"ဆောရီးပါ ပြည့်စုံရာ။ ငါလည်း အကျင့်ပါနေလို့ လွှတ်ခနဲ ပြောလိုက်မိတာ။ လူတစ်ယောက်နဲ့ချိန်းမိရင် အချိန်မှတ်တတ်တာက အကျင့်ဖြစ်နေလို့"

ပြည့်စုံက ခေါင်းညိတ်ရင်း . . .

"ဟုတ်ကဲ့ . . . ကျွန်တော် နားလည်ပါတယ် အန်ကယ်။ အချိန် နဲ့ယှဉ်ပြီး နေလာခဲ့တဲ့ လူအဖို့ အချိန်ကို တန်ဖိုးထားတာ မဆန်းပါဘူး။ ဒါနဲ့ ကျွန်တော်နဲ့ တွေ့ချင်တဲ့ကိစ္စက"

ဦးလှထွန်းအေးက မပြောခင် သူ့သားဆွေထွန်းကို တစ်ချက် ကြည့်လိုက်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်စုံ … ငါ့အဖေက မင်းနဲ့ခရီးထွက်ဖို့ စီစဉ်ထားတယ်ဆို"

"ဟုတ်ပါတယ် အန်ကယ်၊ ဒါကလည်း သူ့အတွက် စိတ်အပြောင်းအလဲ ဖြစ်အောင်လို့ပါ။ အန်ကယ်က မသွားစေချင်လို့လားဗျ"

ချက်ချင်းပင် ခပ်မြန်မြန် ခေါင်းခါလိုက်ရင်း ဦးလှထွန်းအေးက…

"ဟာ … မဟုတ်ပါဘူး။ သူပြောလာတော့ ငါတောင် အတော်ကြီး အံ့ဩသွားတာကွ။ သူ့ဘဝမှာ ဒီလိုပုံစံမျိုးနဲ့ ခရီးသွားဖို့ဆိုတာ မရှိသလောက်ပဲလေ။ မင်းနဲ့ကျမှ ဒီစကားထွက်လာတော့ ယုံတောင် မယုံနိုင်အောင် ဖြစ်သွားလို့ပေါ့။ မင်း ဘယ်လိုများ စည်းရုံးလိုက်တာလဲ"

ပြည့်စုံ ပြန်မဖြေခင်မှာ ဆွေထွန်းက ဝင်ပြောလာသည်။

"ဘယ်လိုပဲစည်းရုံးစည်းရုံးကွာ၊ ငါတော့ လွတ်လပ်ရေးရပြီဆိုပြီး ပျော်နေတာကွ။ မင်းတို့ ခရီးက ဘယ်နှစ်ရက်လဲ ပြည့်စုံ။ ဖြစ်နိုင်ရင် သွားနိုင်သလောက်သာ ရက်ရှည်ရှည်သွားစမ်းပါကွာ။ အဘိုးမရှိမှ ငါတို့တစ်အိမ်လုံး လွတ်လပ်မှာ"

"သား စကားကို ထိန်းပြောလေ"

ဦးလှထွန်းအေး ဝင်သတိပေးလိုက်သဖြင့် ဆွေထွန်း ဇက်ပုသွားကာ …

"အဟီး … သားလည်း ပျော်လို့ပါ ဖေဖေရာ"

ခုတောင် ဒီလောက်ဖြစ်နေတာ၊ အဘိုးကြီး တကယ်ခရီးထွက်သွားလို့ကတော့ ဒီကောင် ကွေးနေအောင် ထ,ကမည်လားမသိ။

ဦးလှထွန်းအေးကပဲ …



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့ကို တစ်မျိုးမထင်ပါနဲ့ကွ။ အန်ကယ်တို့ တစ်မိသားစုလုံးက အဖေ့ရဲ့အချိန်ဇယားနဲ့ နေလာကြတော့ အဖေ့အရိပ်အောက်က လွတ်တဲ့ခဏကို တောင့်တမိလို့ပါ။ ဒါနဲ့ မင်း အဖေ့ကို ဘယ်လိုစည်းရုံးလိုက်တယ်ဆိုတာ ပြောပြဦးလေ"

ထိုအခါမှ ပြည့်စုံလည်း ရယ်လိုက်ရင်း ...

"စည်းရုံးတယ်လည်း မဟုတ်ပါဘူး အန်ကယ်ရာ။ ကျွန်တော်က သူ့ကို အကြံပေးလိုက်တာပါ။ တကယ်တော့ အန်ကယ်ကြီးက သူ့ဘဝတစ်လျှောက်လုံး စနစ်တကျနေထိုင်လာခဲ့တဲ့ သူ့အချိန်ဇယားထဲမှာ သူပြန်ပိတ်မိနေတာဗျ။ နောက်တစ်ချက်က သူ့ အလုပ်က အနားယူလိုက်တော့ အထီးကျန်သွားတယ်။ ပိုဆိုးတာက သူ့အနားမှာ အန်ကယ့်အမေလည်း မရှိတော့ဘူးလေ။ အဲဒီအချိန်မှာ သူ အရမ်းတန်ဖိုးထားတဲ့အချိန်တွေက ပိုထွက်လာတယ်။ အဲဒီလို ပိုနေတဲ့အချိန်တွေကိုလည်း သူ ဘာလုပ်ရမှန်း မသိဘူး။ ကျွန်တော်အကြံပေးလိုက်တော့ သူ့အတွက် စွန့်စားခန်းတစ်ခုလို့ ထင်သွားပုံရတယ်၊ အဲဒါကြောင့် ခရီးသွားဖို့ လက်ခံလိုက်တာပဲ အန်ကယ်"

စကားအဆုံးမှာ ဦးလှထွန်းအေးက သက်ပြင်းချလိုက်ရင်း ...

"အေးကွာ ... အမှန်အတိုင်းပြောရရင် အဖေ့ကိုလည်း သနားမိတယ်။ နောက်ပြီး အဖေ့ကို မလွန်ဆန်နိုင်ဘဲ သူ့အချိန်ဇယားထဲမှာ နေနေရတဲ့ ငါတို့ကိုယ်ငါတို့လည်း သနားတာပဲ။ ထားပါတော့ကွာ။ ငါ အခုလာတာက မင်းဆီမှာ တစ်ခုလောက်တောင်းဆိုချင်လို့ပဲ"

"ပြောလေ အန်ကယ်၊ ကျွန်တော်က ခုချိန်မှာ အန်ကယ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းပဲဥစ္စာ"

ဦးလှထွန်းအေးက ခေါင်းညိတ်လိုက်ပြီး ...

"ဒီလိုပါ ... မင်းအဖေနဲ့ သွားနေလာနေတဲ့အချိန်တွေမှာလေ။ လူတစ်ယောက်ဟာ အချိန်ကို တန်ဖိုးရှိရှိသုံးစွဲတာကောင်းပေမယ့် လွတ်လွတ်လပ်လပ်လေးနေရတဲ့ စိတ်ချမ်းသာစရာအချိန်တွေလည်း လိုကြောင်း သူ့ကို သိစေချင်တယ်ကွာ။ အဖေ့ကို အဲဒီစိတ်ကလေး ဝင်စေချင်လို့ပါ"

ပြည့်စုံက နားလည်သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်ပြလိုက်ရင်း ...

"ဟုတ်ကဲ့ပါ အန်ကယ်။ ကျွန်တော် တတ်နိုင်သလောက် ကြိုးစားကြည့်ပါ့မယ်"

"ကျေးဇူးပါပဲကွာ"

ဦးလှထွန်းအေး၏ကျေးဇူးတင်စကားအဆုံးမှာ ဆွေထွန်းကလည်း လေးနက်စွာ ...

"ပြည့်စုံ ရက်ကြာကြာကလေးသွားနော်။ အနည်းဆုံး တစ်ပတ်လောက်တော့လုပ်ကွ"

ရယ်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။ ထိုသားအဖ ပြန်သွားတော့မှ ပြည့်စုံ့ခမည်း လေပူကြီးကို ဆင့်ကာဆင့်ကာ မှုတ်ထုတ်လိုက်မိလေ၏။

■

၄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကဲ ...ခရီးသွားဖို့လည်း အားလုံးစီစဉ်ထားပြီဆိုတော့ ငါတို့ ဘယ်အချိန်ထွက်ကြမလဲ ပြည့်စုံ"

စကားကို လေသံမှန်မှန်နှင့် ထိန်းပြီးပြောလိုက်သော်လည်း ဦးပေါ်ထွန်း၏ပုံစံက ခရီးသွားရန်အတွက် တက်ကြွနေမှန်း သိသာလှသည်။

ပြည့်စုံက ...

"ညနေပိုင်း နေအေးတော့မှ ထွက်ကျတာပေါ့ အန်ကယ်ကြီး။ ညဘက်ကားမောင်းရတာကို ကျွန်တော် ပိုကြိုက်တယ်"

"သဘောပဲလေ။ ငါကတော့ ဒီခရီးစဉ်တစ်လျှောက်မှာ မင်းစီစဉ်တဲ့အတိုင်း လိုက်နာရုံပဲရှိတယ်။ အဲ ...ငါ့စိတ် အပြောင်းအလဲဖြစ်ဖို့ကတော့ မင်းတာဝန်နော်"



www.burmeseclassic.com

www.burmeseclassic.com


ထိုစကားကြောင့် ပြည့်စုံက ခပ်သွက်သွက် ခေါင်းညိတ်လိုက်ကာ ...

"စိတ်ချပါ အန်ကယ်ကြီးရာ။ ဒါနဲ့ ခရီးသွားမယ်ဆိုတော့ အိမ်မှာ ကျန်ခဲ့တဲ့လူတွေအတွက် မှာစရာရှိတာတွေကော မှာပြီးပြီလား"

ဦးပေါ်ထွန်းက မခိုးမခန့်ပုံစံဖြင့် ဟက်ခနဲ ရယ်လိုက်ပြီးမှ ...

"ဘာမှထွေထွေထူးထူး မှာစရာမလိုပါဘူးကွာ။ ငါ့အိမ်က လူတွေက ငါ့အချိန်ဇယားနဲ့ အသားကျနေပြီးသားပဲဟာကို ပုံမှန်အတိုင်း လည်ပတ်နေမှာပဲလေ"

"ဟုတ်ကဲ့ ... အဲဒါဆိုလည်း ခရီးသွားမယ့်ကားကို ကျွန်တော် တစ်ခေါက်လောက် သွားစစ်လိုက်ဦးမယ်ဗျ"

ဦးပေါ်ထွန်းက ခေါင်းညိတ်ပြရင်း ...

"အေး ... ကောင်းသားပဲ။ ကြိုတင်ပြင်ဆင်မှုကတော့ ပိုတယ်လို့ မရှိပါဘူး။ သွားလေ ... ငါလည်း တရေးလောက်တော့ မှေးလိုက်ဦးမယ်"

ခရီးထွက်မည့်ကားကိုယူကာ ပြည့်စုံထွက်လာခဲ့သည်။ ဝပ်ရှော့မှ အပြန်တွင် ဦးလှထွန်းအေးဆီသို့ ဝင်လိုက်သေး၏။ ဦးလှထွန်းအေးက အရေးပေါ်လိုအပ်လာလျှင်သုံးရန်အတွက် ငွေအချို့ထပ်ကာ ထုတ်ပေးရင်း ...

"အဖေကတော့ ကျန်းမာရေးကောင်းပြီးသားပါ။ ဒါပေမဲ့ လူကြီးဆိုတော့ မင်း သေချာဂရုစိုက်ပေးစေချင်တယ်။ အဖေ့ကို မင်းလက်ထဲ

www.burmeseclassic.com


အပ်လိုက်ပြီနော် ပြည့်စုံ''

''စိတ်ချပါ အန်ကယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး''

နှုတ်ဆက်ပြီး ဦးလှထွန်းအေးရုံးခန်းထဲမှ ထွက်လာခဲ့သည်။ ရုံးအပြင်ဘက်ရောက်တော့ ကျောပေးကာဖုန်းပြောနေသည့် ဆွေထွန်းကိုလှမ်းတွေ့လိုက်ရသဖြင့် နှုတ်ဆက်ရန် အနားသို့သွားလိုက်မိသေး၏။ သို့သော်လည်း ဆွေထွန်း၏ဖုန်းပြောနေသည့်စကားသံတွေက တော်တော်နှင့်ပြတ်မှာမဟုတ်မှန်း ရိပ်မိ၍ အသာပဲ လှည့်ထွက်လာခဲ့သည်။

''အေး . . . ငါ့အဘိုးက ဒီည ဒိုးမှာကွ၊ ဟော့ကောင် မနက်ဖြန်ညတော့ ငါ့အိမ်မှာပဲ ပါတီလုပ်မှာနော်။ အေးပေါ့ကွ . . . ရေမီးအစုံနဲ့ လွတ်လပ်ရေးပွဲတော်ကြီးပေါ့။ ဒီအခွင့်အရေးမျိုးက ရခဲတယ်လေ။ ဟိုကောင် သန့်ကို ဖုန်းပေးလိုက်ဦး''

နောက်နားဆီမှ လွင့်ကျန်ခဲ့သည့် ဆွေထွန်း၏စကားသံတွေကြောင့် ပြည့်စုံ ပြုံးလိုက်မိသေးသည်။

ကြောင်မရှိတာနှင့် ကြွက်တွေလည်း မြူးတော့မည် ထင်ပါသည်။

■


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ညနေပိုင်းအတော်စောင်းမှ ခရီးစထွက်လာခဲ့ကြသည်။ ရန်ကုန်မှ မြို့ပြင်ထွက်လာတော့ မှောင်စပင်ပြုရပြီ။

ကားမောင်းလာခဲ့ရင်း မြို့အထွက်အကျော်လောက်တွင် စားသောက်ဆိုင်ကြီးတစ်ဆိုင် တွေ့သဖြင့် ပြည့်စုံက ...

"အန်ကယ်ကြီး ... ကျွန်တော်တို့ ဒီဆိုင်မှာပဲ ညစာစားသွားကြမလား"

စကားသံကြောင့် ကားပြတင်းပေါက်မှ အပြင်သို့ငေးနေသည့် ဦးပေါ်ထွန်း ဆတ်ခနဲဖြစ်သွားရရင်း ...

"ဟော ... ထမင်းစားမယ် ဟုတ်လား"

ပြောရင်း သူ့လက်မှ လက်ပတ်နာရီကို ထပ်ကြည့်လိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ခုနစ်နာရီတောင် မထိုးသေးပါလား။ ငါက ညစာကို ရှစ်နာရီမှ စားတာကွ။ ခု ဗိုက်လည်းမဆာသေးဘူး"

ညရှစ်နာရီထိုးသည့်အချိန်တွင် မိမိတို့၏ကားရောက်မည့်နေရာနှင့် ထမင်းဆိုင် ကွက်တိကျရန် မဖြစ်နိုင်သည်မို့ ပြည့်စုံက စောဒကတက်ရန် ကြံစည်လိုက်သေးသည်။ သို့သော်လည်း ဦးပေါ်ထွန်းကို အချိန်နှင့်ပတ်သက်ပြီး အခက်အခဲတစ်ခုဖြစ်စေချင်သဖြင့် ကားဆက်မောင်းလာခဲ့၏။

ဘေးမှာထိုင်လိုက်လာရင်း ဦးပေါ်ထွန်းက ဘာကို စဉ်းစားမိသည် မသိ ရုတ်တရက်ကြီး မေးလာသည်။

"ဒါနဲ့ မေးပါရစေဦးကွ။ မင်းဘဝမှာကော အချိန်နဲ့ပတ်သက်တဲ့ ခံစားချက် အဲ ... ခံယူချက်မျိုးပေါ့ကွာ။ မရှိဘူးလား ပြည့်စုံ"

ပြည့်စုံ ဆတ်ခနဲဖြစ်သွားရ၏။ ဦးပေါ်ထွန်းကိုကြည့်ရသည်မှာ ကားမောင်းရင်း အာရုံမလွင့်အောင် စကားပြောလာသည့်သဘောလား၊ ဒါမှမဟုတ် တကယ်သိချင်လို့ မေးလာတာလားတော့မသိ။ အချိန်နဲ့ ပတ်သက်လို့ဆိုသည့်စကားကြောင့် ပြည့်စုံစိတ်ထဲ၌ တစ်စုံတစ်ယောက်ကို သတိရသွားသည်ကတော့ အမှန်ပင်။

ထို့ကြောင့် ...

"အန်ကယ်ကြီး သိချင်တယ်ဆိုရင်တော့ ကျွန်တော်ပြောပြ မယ်လေ။ အပျင်းပြေနားထောင်ပေါ့"

"အေး ... လုပ်စမ်းပါဦးကွ"

ပြောရင်းပင် စိတ်ပါလက်ပါ နားထောင်မည့်ပုံစံနှင့် ခန္ဓာကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



နေရာကျအောင် ပြင်ထိုင်လိုက်သေးသည်။ သက်သောင့်သက်သာ နား ထောင်မည့်သဘော။

ပြည့်စုံကလည်း ...

"ကျွန်တော့်ဘဝမှာတော့ အချိန်နဲ့ပတ်သက်ပြီး တကူးတကကြီး ခံယူထားတာမျိုးတော့ မရှိပါဘူး။ အဲဒါက အချိန်ကို မလေးစားတာ မဟုတ် ဘူးနော်။ အန်ကယ်ကြီးတို့လို ဘယ်အချိန်မှာ ဘာလုပ်မှာဆိုပြီး တိတိကျကျ ကြီး မသတ်မှတ်ထားတာကိုပြောတာ။ လုပ်စရာရှိတာကို သူ့အချိန်နဲ့သူ လိုက်လျောညီထွေ လုပ်လိုက်တာပဲ။ ဘယ်ကိစ္စမဆို အချိန်နဲ့အမြဲတော့ ချိန်ထိုးမနေဘူးပေါ့။ ဒါပေမဲ့ တက္ကသိုလ်နောက်ဆုံးနှစ်ရောက်တဲ့အချိန်မှာ တော့ အချိန်နဲ့ပတ်သက်ပြီး သတိထားစရာတွေ ဖြစ်လာခဲ့တယ်"

ဦးပေါ်ထွန်း ခါးအနည်းငယ် မတ်သွားသည်။ စိတ်ဝင်စားသွား သည့်ပုံစံနှင့် ပြန်မေးလာ၏။

"ဘယ်လိုထူးခြားတာတွေ ဖြစ်လာတာလဲကွ"

ပြည့်စုံက ရယ်ကျဲကျဲလုပ်ရင်း ...

"ကောင်မလေးတစ်ယောက်ကို သွားတွေ့တာဗျ"

"ဟာ"

စိတ်ပျက်လက်ပျက်ဖြစ်သွားသည့်ပုံက ဦးပေါ်ထွန်းမျက်နှာပေါ်မှာ အထင်းသားပေါ်သွားသည်။ ခေါင်းကိုလည်း ခပ်ဖြည်းဖြည်းခါလိုက်ပြီး–

"မင်းဟာကလည်း မဟုတ်သေးပါဘူးကွာ။ ကောင်မလေးတစ် ယောက်နဲ့တွေ့တာများ အချိန်နဲ့ ဘယ်လိုပတ်သက်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့ အန်ကယ်ကြီးကလည်း ...၊ အဲဒီကောင်မလေးကို နောက်ဆုံးနှစ်မှ စတွေ့တာလေ။ သူ့ကို တွေ့တွေ့ချင်းပဲ ကျွန်တော် စတွေး မိလိုက်တာက ဒီကောင်မလေးကို ငါ ဘာဖြစ်လို့များ အစောကြီးက မတွေ့ မိပါလိမ့်။ အဲဒီအချိန်တွေကို နှမြောလိုက်တာဆိုတဲ့ အတွေးပေါ့"

"ဪ ... အေးကွ။ အဲဒါတော့ ဟုတ်သားပဲ။ ဆက်ပြောဦး ဟောကောင်"

ဦးပေါ်ထွန်း၏စကားအပြောအဆိုတွေဟာ ရင်းရင်းနှီးနှီး ဖြစ်လာသည်။ တစ်ခရီးတည်းသွားခြင်း၏အကျိုးကျေးဇူးပဲ ဖြစ်မည်ထင်၏။

"အင်း ... ကောင်မလေးကို တွေ့တွေ့ချင်းပဲ ကျွန်တော် စိတ် ဝင်စားသွားတယ်ဆိုပါတော့ဗျာ။ အဲဒီမှာ အချိန်နဲ့ပတ်သက်ပြီး တိုက်ဆိုင် တာတစ်ခု ထပ်ဖြစ်လာသေးတယ်"

"ဟေ ... ဘာများလဲ"

ပြည့်စုံက မသိမသာ မျက်နှာတည်လိုက်ပြီး ...

"အဲဒီကောင်မလေးကလည်း အချိန်နဲ့ပတ်သက်ပြီး သိပ်လေးစား တတ်တဲ့ ကောင်မလေးတစ်ယောက်ဗျ"

"ဟေ"

"ဟုတ်တယ် အန်ကယ်ကြီး။ သူ့နာမည်က ဇင်နီယာတဲ့။ အဲဒီနေ့ ကို မှတ်မိနေသေးတယ်ဗျာ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

နေ့လယ်စာစားချိန်ဖြစ်သဖြင့် ကျောင်းကင်တင်းတွင် ကျောင်းသားကျောင်းသူများ ရုံးစုရုံးစု ဖြစ်နေကြသည်။ အချင်းချင်း စကားပြောသံများ စားသောက်စရာတွေကို မှာယူနေသံများဖြင့်လည်း ပွက်လောညံနေ၏။

ပြည့်စုံကတော့ ခုလို လူမရှုပ်ခင် ဆယ်မိနစ်လောက်ကပဲ စောရောက်နေသည်မို့ အေးအေးလူလူ ရှိနေပါသည်။ နေ့လယ်စာ စားရန်အတွက် စားနေကျ ကြက်ထမင်းကြော်ကိုလည်း မှာထားပြီးပြီ။ ထို့ကြောင့် အေးဆေးကာ ကြွရနေခြင်းဖြစ်၏။ သူငယ်ချင်းတွေဖြစ်သည့် တင်မိုးနှင့် မြန်ကျော်ကျော်တို့ကတော့ ရောက်မလာကြသေးချေ။ ရောက်လာလျှင်လည်း သူတို့ပါးစပ်နှင့် သူတို့မှာကာ သူတို့ဗိုက်ထဲ သူတို့ထည့်ကြလိမ့်မည်ဟု တွေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ နောက်ကျောဘက်စားပွဲဆီမှ ညည်းညူသံလေးကို ကြားလိုက်ရခြင်းဖြစ်၏။

"ထမင်းကြော်တစ်ပွဲမှာတာ ဒီလောက်တောင် ကြာရတယ်လို့။ ထမင်းစားချိန်က ရောက်နေပြီ၊ စိတ်ညစ်တာပဲ"

"စိတ်လျှော့ နွေယွန်းရေ၊ နင်က အချိန်အတိအကျလိုချင်ပေမယ့် ဆိုင်ဆိုတာက အများနဲ့လုပ်ရတာလေ။ နည်းနည်းပါးပါး နောက်ကျလို့ ဘာမှမဖြစ်ပါဘူးဟာ"

နွေယွန်းဆိုသည့်ကောင်မလေး၏ပြန်ပြောသံ ထွက်လာသည်။

"နင်လည်း သိသားနဲ့ဟာ။ ငါ့အတွက်ကတော့ နည်းနည်းပါးပါး နောက်ကျလည်း ပြဿနာရှိတယ်။ အဲ ... မောင်လေး အဲဒါ ကြက်ထမင်းကြော်လား"

ပြောနေရင်း စားပွဲထိုးလေးကို မေးလိုက်ဟန်တူသည်။ ထိုအထိ ကိစ္စမရှိသေး။ စားပွဲထိုးလေးကလည်း ဖြေပါသည်။

"ဟုတ်ပါတယ် အစ်မ ... ကြက်ထမင်းကြော်ပါ။ ဒါပေမဲ့ ဟိုအစ်ကိုက အရင်မှာထားတာဗျ။ ဒါက သူ့အတွက်"

စားပွဲထိုးလေး၏စကားပင်မဆုံးလိုက် ...

"ကဲပါ ... ဟိုအစ်ကိုတွေ ဒီအစ်ကိုတွေ လုပ်မနေနဲ့။ အစ်မလည်း ကြက်ထမင်းကြော်မှာထားတာပဲ။ ဒီကိုပေးခဲ့နော်။ အစ်မ ခုစားမှဖြစ် တော့မှာမို့လို့ပါ ... ပေး ပေး"

"ဟာ ... အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ မသက်မသာဖြစ်လာသည်မို့ ပြည့်စုံ ဆတ်ခနဲလှည့်ကြ
လိုက်မိသည်။ သူ့ကို အားနာသောမျက်ဝန်းများဖြင့် လှမ်းကြည့်နေသ
စားပွဲထိုးလေးနှင့်အတူ ထမင်းကြော်ကို ပိုင်စိုးပိုင်နင်းယူကာ စားသော
နေသည့် ကျောပေးထားသောကောင်မလေးကိုပါ တွေ့လိုက်ရလေ၏။

ပြည့်စုံက စားပွဲထိုးလေးကိုကြည့်ကာ ...

"ညီလေး ... အဲဒီထမင်းကြော်က"

မျက်နှာမသာမယာဖြင့် စားပွဲထိုးလေး ခေါင်းညိတ်ပြလာ
မှာတော့ ပြည့်စုံလည်း သဘောပေါက်လိုက်လေပြီ။ ထိုကောင်မလေးသ
မိမိမှာယူထားသည့် ထမင်းကြော်ကို ပိုင်စိုးပိုင်နင်းဖြတ်ယူကာ စားသော
နေချေပြီပဲ။

ထိုကဲ့သို့လုပ်ရပ်မျိုးတော့ ပြည့်စုံလည်း လက်မခံနိုင်ပါချေ။ ဒိ
မတရားလာလုပ်လို့ကတော့ ယောကျ်ား မိန်းမ ခွဲမည်မဟုတ်။ တွေ့ပြီ
စိတ်ကြိုးဝါးကာ ထိုင်နေရာမှ ဆတ်ခနဲထသွားလိုက်၏။

"ဒီမှာ ခင်ဗျား ... ဒါ ဘာလုပ်တာလဲ"

မေးရင်း ထိုကောင်မလေး၏ မျက်နှာချင်းဆိုင်တွင် ရပ်လိုက်
ပထမဆုံးရင်ဆိုင်လိုက်ရသည်က ကာယကံရှင်ကောင်မလေး၏သူငယ်
ဖြစ်သူထံမှ အားနာထိတ်လန့်သောအကြည့်။

ထိုကောင်မလေးက အရင် ...

"ဟိုလေ သူက"

ပြည့်စုံက လက်ကာပြရင်း ဆက်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ပြောနေတာမဟုတ်ဘူး၊ ထမင်းကြော် ဖြတ်လုစားနေတဲ့ သူ့ကို ပြောနေတာ"

ထိုအချိန်မှာပဲ ထမင်းကြော်ငုံ့ကာစားနေသည့် ကောင်မလေးက ခပ်ဖြည်းဖြည်း မော့ကြည့်လာသည်။

"ဟင်"

ပါးစပ်က အံ့သံထွက်မသွားပေမယ့် စိတ်ထဲကတော့ တအံ့တသြ ရေရွတ်လိုက်မိ၏။ တခြားသူတွေအတွက်တော့ မသိချေ၊ ပြည့်စုံအတွက်တော့ ထိုကောင်မလေး၏မျက်နှာဖူးဖူးလေးက တိမ်းမူးမှင်တက်သွားစေသည်။

ထိုကောင်မလေးက ပြည့်စုံကို ကြောင်တောင်တောင်ကြည့်လိုက်ပြီးမှ နံဘေးရှိ သူ့သူငယ်ချင်းမကို မေးဆတ်ကာ . . .

"ယုယု . . . သူက ဘာတွေလာပြောနေတာလဲ"

ယုယုဆိုသောကောင်မလေးက ပခုံးစွန်းဖြင့် မသိမသာ တွန်းတိုက်လိုက်ပြီး . . .

"ဘာဖြစ်ရမှာလဲ၊ နင် ထမင်းကြော်ပန်းကန် ယူစားလိုက်တဲ့ကိစ္စကို လာမေးနေတာလေ။ နင့်ဟာနင်ပဲ ရှင်းတော့ ဒေါ်နွေယွန်း"

ထိုသို့ပြောလိုက်တော့မှ နွေယွန်းဆိုသည့်ကောင်မလေးက ပြည့်စုံကို ပြန်ကြည့်ရင်း ဟီးခနဲရယ်ပြလာသည်။ ဒါသည်ကပင် သူ အမှားလုပ်ခြင်းကို ဝန်ခံလိုက်ပြီပဲ။

"အဟီး . . . ဆောရီးနော်၊ စားပွဲထိုးလေးကတော့ ဒီထမင်းကြော်



www.burmeseclassic.com

www.burmeseclassic.com



ဘာ သူများအရင်မှာထားတာလို့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်မအတွက် စားရရင် မဖြစ်တော့လို့ အတင်းယူပြီး စားလိုက်မိတာပါ။ စားပွဲထိုး လေးမှာ အပြစ်မရှိပါဘူး''

ပြည့်စုံက နွေယွန်းနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ချလိုက်ပြီး

''ကျွန်တော်ကလည်း စားပွဲထိုးလေးရဲ့အပြစ်လို့ မပြောပါ ဘူး။ ဒါနဲ့ မစားရင်မဖြစ်တော့လို့ဆိုတာ ဘယ်လိုကြောင့်လဲဗျ။ ပြောပြ ပါလား''

ပြည့်စုံက အေးအေးဆေးဆေးပုံစံဖြင့် မေးလိုက်သဖြင့် နွေယွန်း၏မျက်နှာပေါ် အံ့ဩရိပ်တွေ ဖြတ်ပြေးသွားရင်း ...

''ဟင် ရှင် ကျွန်မကို စိတ်မဆိုးဘူးပေါ့နော်''

ပခုံးပြန်တွန့်ပြန်လိုက်ရင်း ပြည့်စုံက ...

''စိတ်ဆိုးမယ် မဆိုးဘူးဆိုတာကတော့ ခင်ဗျားရဲ့အဖြေပေါ်မှာပဲ မူတည်တယ်။ ပြောလေ မစားရင် မဖြစ်တဲ့အကြောင်းလေး''

စကားအဆုံးမှာ နွေယွန်း၏မျက်နှာက ဘည်တည်လေး ဖြစ် သွားသည်။ မျက်မှောင်လေး မသိမသာကြုတ်ကာ စဉ်းစားလိုက်ပြီးမှ ပြုံးစစလေး လုပ်ရင်း ...

''ဪ ဒီလိုလေ၊ ကျွန်မက ယကြာချော့တာရှင့်''

''ဘယ်လို''

''ဟုတ်တယ်၊ ယကြာကလည်း အထူးတလည်ကြီးလုပ်ရတာ တော့ မဟုတ်ဘူး။ နေ့လယ်ဆယ့်နှစ်နာရီခွဲတိတိမှာ ကြက်ထမင်း ကြော်စားမှာတဲ့ အဲဒါ ကျွန်မလည်း ထမင်းကြော်မှာထားတာပဲလေ။ ဆယ့်နှစ်နာရီခွဲတိတိမှာ



www.burmeseclassic.com

www.burmeseclassic.com



မရသေးတော့ အနားရောက်လာတဲ့ ထမင်းကြော်ကို ယတြာချေတဲ့သဘော နဲ့ ယူစားမိလိုက်တာ။ ရှင်မှာထားတဲ့ ထမင်းကြော်ဆိုရင် တောင်းပန်ပါတယ်''

''ဗျာ . . . ထမင်းကြော်ကို တောင်းပန်မလို့လား''

နောက်သလိုပြောလိုက်သဖြင့် နွေယွန်းက မျက်စောင်းပြန်ထိုး လာပြီး . . .

''အာ . . . ထမင်းကြော်ကိုတော့ တောင်းပန်မလား၊ ရှင့်ကို တောင်းပန်တာပေါ့။ ကျွန်မက ဖြတ်ယူပြီး စားလိုက်မိလို့လေ''

''ရပါတယ်၊ ခင်ဗျားအတွက် လိုအပ်လို့လုပ်မိတယ်ဆိုရင်လည်း ကိစ္စမရှိပါဘူး။ စားပါ . . . စားပါ''

ပြည့်စုံက စိတ်ထဲ ဘာမှသဘောမထားဟန်ဖြင့် ပြန်ပြောလိုက် သည်။ ထိုသို့ပြောလိုက်တော့လည်း နွေယွန်းက အားနာဟန်လေးဖြင့် . . .

''ဟိုလေ . . . အားတော့အားနာပါတယ်။ ရှင့်စိတ်ထဲ ဘယ်လိုမှ သဘောမထားဘူးဆိုရင် ကျွန်မမှာထားတဲ့ ထမင်းကြော်ကို ရှင် စားလိုက် လေ။ ဒီထမင်းကြော်ဖိုးလည်း ကျွန်မပဲ ရှင်းလိုက်ပါ့မယ်''

ထိုစကားကြောင့် ပြည့်စုံက ရယ်လိုက်ရင်း . . .

''အင်း . . . အဲလိုဆိုတော့လည်း အဆင်ပြေသွားပဲဗျ။ ဒါနဲ့ ခင်ဗျားနောက်နေ့ကော ယတြာချေဦးမှာလား''

''ရှင် ဘာဖြစ်လို့လဲ''

''ဪ . . . ဒီယတြာမျိုးချေဦးမယ်ဆိုရင် ကင်တင်းကို စောစော လာပြီး ထမင်းကြော် ကြိုမှာထားမလို့လေ။ အဲဒါဆို ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ ထမင်းကြော် အလကား ထပ်စားရတာပေါ့"

ဒီနေ့လိုအဖြစ်အပျက်မျိုး နောက်နေ့ ထပ်ဖြစ်ချင်သည်ဟု ပြည့်စ
က ပြောလိုက်ခြင်းဖြစ်သည်။ ရုတ်တရက် အူကြောင်ကြောင်လေး ဖြ
သွားပြီးမှ နွေယွန်းက သဘောပေါက်သွားဟန်ဖြင့် ...

"ရှင်ကတော့ ပြောတော့မယ်၊ တော်တော်ဉာဏ်ကောင်းတယ
ဟုတ်လား"

ပြောရင်း နွေယွန်းက ရယ်လိုက်သဖြင့် ပြည့်စုံလည်း လိုက်ရယ
မိလိုက်သည်။ တစ်ခဏလေးအတွင်းမှာပင် မိတ်မဆက်ရသေးဘဲ အသ
အကျွမ်းတွေလို ဖြစ်သွားကြသည်။

ပြည့်စုံက လက်ရှိအနေအထားလေးကို လက်လွှတ်မခံချင်ဘ
ဲ ဆက်တိုးချင်သောစိတ်ဖြင့် ...

"ခုနက ကြားလိုက်သလိုပဲနော်။ ခင်ဗျားနာမည်က နွေယွ
ဆိုလား။ ကျွန်တော်က ပြည့်စုံပါခင်ဗျ၊ သမိုင်းနောက်ဆုံးနှစ်ကပါ"

မိတ်ဆက်လိုက်သောကြောင့် နွေယွန်းကလည်း အလိုက်သင့်လေ
ပြန်ပြောလာသည်။

"ဟုတ်တယ် ... ကျွန်မက နွေယွန်းပါ။ သူက ယုယုတဲ့။ န
ဖောက်စလုံး အီးမေဂျာနောက်ဆုံးနှစ်ပဲ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ တကယ်တော့ သူစိမ်းနှစ်ယော
သူငယ်ချင်းဖြစ်ဖို့ဆိုတာ သိပ်လွယ်သလို တစ်ခါတလေကျတော့လည
သိပ်ခက်လွန်းပါတယ်။ ခုလို မမျှော်လင့်ဘဲ သိကျွမ်းရတဲ့ ခင်မင်မှုအင



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တန်ဖိုးထားပါရစေ''

နွေယွန်းက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။ ထိုနေ့ကတည်းက လက်ရှိခင်မင်မှုလေးနှင့် ရောင့်ရဲမနေနိုင်ကြောင်း ပြည့်စုံ ကိုယ့်ကိုယ်ကိုယ် ဝန်ခံထားခဲ့ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ကားမောင်းနေရင်းက တံ့ခနဲ ဘရိတ်နင်းကာ ရပ်လိုက်သဖြင့် ဦးပေါ်ထွန်း ဆတ်ခနဲ ရှေ့သို့ငိုက်ကျသွားသည်။ ဟန်ချက်ထိန်းကာ ပြန်မြင်ဆိုင်လိုက်ရင်း ပြည့်စုံကိုကြည့်လျက် ...

"ဟော့ကောင် ... ဘာဖြစ်လို့ ကားကိုရပ်လိုက်တာလဲ"

ပြည့်စုံက ကားဒက်ရ်ျဘုတ်မှ နာရီဒိုင်ခွက်ကို မေးငေါ့ပြရင်း...

"ဟိုမှာလေ ... ရှစ်နာရီထိုးတော့မယ်ဗျ။ အန်ကယ်ကြီး ထမင်းစားချိန်ဆိုတာ သတိရလို့"

ထိုအခါမှ ဦးပေါ်ထွန်းလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားရင်း ...

"အေး ... ဟုတ်သားပဲကွ၊ မင်းပြောတာ နားထောင်ရင်း ငိုက်ဆာလာတာကို မေ့နေတာ။ စားကြမယ်လေ ... အဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်ကာ စကားရပ်သွားခြင်းဖြစ်သည်။ ကားလမ်း၏တစ်ဖက်တစ်ချက်တွင် မီးရောင်ပျပျမြင်ရသည့် မြို့သဏ္ဍာန်ကို တွေ့ရသော်လည်း ထမင်းဆိုင်ကဲ့သို့ ဆိုင်ပုံစံမျိုး မတွေ့ရချေ။

ထို့ကြောင့် ဦးပေါ်ထွန်း ခေါင်းကုတ်လိုက်မိပြီး ...

"အဲဒါမှ ဒုက္ခပဲ ဟော့ကောင်ရေ၊ ထမင်းဆိုင်လည်း မရှိဘူးကွ။ ငါကလည်း အချိန်နဲ့ထမင်းစားတဲ့ကောင်ဆိုတော့ ခက်နေပြီ"

ပြည့်စုံက ခေါင်းညိတ်ပြလိုက်ပြီးမှ ...

"အင်း ... ဒီလို ဖြစ်လာမယ်လို့တော့ ကျွန်တော် ထင်ထားမိပါတယ်"

ထိုစကားကြောင့် ဦးပေါ်ထွန်းက တက်ကြွသွားသောပုံစံဖြင့် ...

"ဟေ ... အဲဒါဆို ငါ အချိန်ကိုက် ထမင်းစားလို့ရအောင် မင်းစီစဉ်ထားလို့လားကွ"

"ဟင့်အင်း ... မစီစဉ်ထားပါဘူး"

"ဟာကွာ"

စိတ်ပျက်သံကြီး ထွက်လာသည်။ ပြည့်စုံက ရယ်လိုက်ရင်း ...

"စဉ်းစားမိတယ်ဆိုတာကလည်း ခုနက တွေ့ခဲ့တဲ့ ထမင်းဆိုင်မှာ ထမင်းဝင်စားဖို့ အနက်ကယ်ကြီး ငြင်းတုန်းက ဒီလိုဖြစ်လာတော့မယ်လို့ စဉ်းစားမိတာ။ ခုလည်း သိပ်တော့မခက်သေးပါဘူး။ ဖြေရှင်းလို့ ရနိုင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတော့လည်း လွယ်လိုက်တာ ပြည့်စုံရာ။ ကဲ ... ခု ဘယ်ရောက်သွားပြီး ထမင်းစားရမှာလဲ"

"ဩော် ... အန်ကယ်ကြီးကလည်း သွားပါများခရီးရောက်၊ ပြောပါများစကားရဆိုတဲ့ စကားလည်း ရှိသေးတာပဲဗျာ။ ကျွန်တော်တို့ မြို့ကလေးနယ်ငံမှာ ထမင်းတစ်လုပ်အတွက် အဲလောက် မခက်ပါဘူး။ ကျွန်တော် စီစဉ်ပေးမယ်။ အန်ကယ်ကြီး ကျွန်တော့်နောက်ကသာ အလိုက်သင့်လေး လိုက်ခဲ့"

"လုပ်ကွာ ... အဆင်ပြေရင် ပြီးတာပဲ"

သူကိုယ်တိုင်လည်း မစွမ်းသာသည့်ကိစ္စမို့ ဦးပေါ်ထွန်း သဘော တူလိုက်ပါသည်။ သဘောတူညီမှုရပြီးသည်နှင့် ပြည့်စုံလည်း ကားလမ်းမ ကြီးပေါ်မှ မြို့လေးထဲသို့ ဝင်သည့်လမ်းကို ရှာ၍ ဝင်သွားလိုက်ပါ၏။

မြို့ကလေးအတွင်းသို့ရောက်တော့မှပဲ ထိုနေရာသည် မြို့ဟူ၍ ခေါ်ရန်ခက်သည့် ရွာသာသာနေရာမှန်း ပြည့်စုံ သိလိုက်ပါသည်။ အိမ်တိုင်းမှာပင် လျှပ်စစ်မီးမရှိ။ မီးအလင်းရောင်ရှိသည့်အိမ်တွေကလည်း ဝိုက်ဆံအဆင်ပြေသည့်အိမ်အချို့သာ ကိုယ်ပိုင်မီးစက်ဖြင့် မီးလင်းထားပုံ ရသည်။

မီးထွန်းထားသည့် အိမ်တစ်အိမ်ရှေ့တွင် ကားရပ်လိုက်တော့ ဦးပေါ်ထွန်းက စိုးရိမ်သောပုံစံဖြင့် ...

"ဖြစ်ပါ့မလား ပြည့်စုံရာ။ အဆင်မပြေရင်လည်း ငါ ထမင်း မစားတော့ပါဘူး။ ဒီအတိုင်းပဲ ရှေ့ဆက်သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံကတော့ အခက်အခဲဆိုတာကို ဦးပေါ်ထွန်း ကြုံခဲ့ရသဖြင့် ...

"ဖြစ်ပါတယ် အန်ကယ်ကြီးရဲ၊ ခရီးသွားရင် အတွေ့အကြုံတောင်ရသေးတယ်။ ခဏဗျာ ... ကျွန်တော် ဆင်းမေးလိုက်ဦးမယ်"

"ပြီးရော"

ကားပေါ်ကဆင်းကာ ထိုအိမ်ထဲသို့ ခွင့်တောင်းပြီး ဝင်သွားလိုက်သည်။

အိမ်ရှင်ဦးလေးကြီးက ...

"ဘာကိစ္စများလဲ မောင်ရင်"

ပြည့်စုံက ရိုရိုသေသေပုံစံဖြင့် ...

"ကျွန်တော်တို့က ခရီးသွားတွေပါ ဦးလေး။ ကားထဲမှာပါလာတဲ့ ကျွန်တော့်ဦးလေးက ကျန်းမာရေးကြောင့် ဒီအချိန် ထမင်းစားမှဖြစ်မှာမို့လို့ ကျွန်တော်တို့ကို ထမင်းနဲ့ဟင်းလေး ရောင်းပေးဖို့ အကူအညီတောင်းတာပါ"

အိမ်ရှင်ဦးလေးကြီးက ချက်ချင်းပင် အိမ်ထဲသို့လှည့်ကာ အော်ခေါ်လိုက်သည်။

"ဟေ့ မတင်လှရေ ... တို့အိမ်မှာ ထမင်းရှိသေးလားဟေ့။ ဒီမှာ အကူအညီလာတောင်းလို့"

အိမ်ထဲမှ အဒေါ်ကြီးတစ်ယောက် ထွက်လာပြန်သည်။ ဦးလေးကြီးက ပြည့်စုံပြောခဲ့သလို ထပ်ပြောပြလိုက်တော့ အဒေါ်ကြီးက ...

"ထမင်းတော့ ကျန်ပါသေးတယ်။ ဟင်းကတော့ ကြက်ဥတွေ



www.burmeseclassic.com

www.burmeseclassic.com


ပဲ ကျုပ် အခု ကြော်လိုက်မယ်လေ"

"အေး ... ကောင်းသားပဲ။ ကဲ မောင်ရင် ... မင်းဦးလေးကို
ကို ခေါ်လိုက်ဟေ့"

"ဟုတ်ကဲ့ဗျ ... ကျေးဇူးပါပဲ"

ကားဆီသို့ပြန်ကာ ဦးပေါ်ထွန်းကို သွားခေါ်လိုက်သည်။ ဦးပေါ်
ဖြစ်ပါ့မလားဟု ပုတီးစိပ်သလိုရေရွတ်ရင်း မယုံရဲစွာ လိုက်ပါလာ၏။

အိမ်ပေါ်သို့ နှစ်ယောက်သားရောက်သွားချိန်မှာတော့ ထမင်းဝိုင်း
ပြင်ထားပြီးလေပြီ။ စားပွဲဝိုင်းပေါ်တွင် ထမင်းနှစ်ပန်းကန်နှင့် ငါးပိရည်
ရောအချို့ကို တည်ခင်းပေးထား၏။

အိမ်ရှင်ဦးလေးကြီးက ...

"ထမင်းဝိုင်းမှာပဲ တစ်ခါတည်း ထိုင်လိုက်ကြကွာ။ ကြက်ဥကတော့
လေးစောင့်၊ ကြော်နေလို့"

"ဟုတ်ကဲ့ဗျ ... လာလေ အန်ကယ်ကြီး"

ထမင်းဝိုင်းမှာ နှစ်ယောက်သား ထိုင်လိုက်တော့ ဦးပေါ်ထွန်းက
မင်းပန်းကန်နှင့် ငါးပိရည် တို့စရာတွေကို မမြင်ဖူးသလို ကြည့်နေသည်။
ကဆေးရန်ချပေးထားသည့် ရေခွက်ကလည်း သူ့အတွက် အံ့ဩစရာ။

အိမ်ရှင်ဦးလေးကြီးက ဆေးပေါ့လိပ်ကို မီးညှိကာ ဖွာထုတ်ရင်း
ပြောလာ၏။

"အဆင်ပြေသလိုသာ စားကြတော့ဟေ့။ တို့အိမ်မှာက လင်မယား
နှစ်ယောက်တည်းနေတာဆိုတော့ ဖွယ်ဖွယ်ရာရာ သိပ်မချက်ဖြစ်ဘူး။


www.burmeseclassic.com

www.burmeseclassic.com



ခုတောင် ထမင်းကျန်တာနဲ့ ကြက်ဥတွေရှိလို့ ကျွေးနိုင်တာ”

ပြည့်စုံက ...

“ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ် ဦးလေးရယ်။ ကျွန်တော်တို့ ထမင်းဖိုးအတွက် ဘယ်လိုပေးရမလဲ ခင်ဗျ”

“ဟာကွာ ... မဟုတ်တာ။ ဘာထမင်းဖိုးမှ ပေးစရာမလိုပါဘူး။ ဒီအတိုင်းပဲ ခရီးသွားတွေမို့လို့ ကူညီတာပါ”

ဦးပေါ်ထွန်းက အံ့ဩသောမျက်နှာဖြင့် ပြည့်စုံကို ကြည့်လာသည်။ ပြည့်စုံက ပခုံးပဲ အသာတွန့်ပြလိုက်၏။ ထိုအချိန်မှာပဲ ကြက်ဥကြော် ပူပူနွေးနွေးပန်းကန်က စားပွဲပေါ်သို့ ရောက်လာလေပြီ။

“ကဲ အန်ကယ်ကြီး ... ဆွဲဗျာ။ လက်ဆေးပြီးသာ စားတော့”

ပြောရင်း ပြည့်စုံက လက်ဆေးကာ အရင်စားပြလိုက်သည်။ ဦးပေါ်ထွန်းပန်းကန်ထဲသို့ ကြက်ဥကြော်တစ်ဖတ်တော့ ဦးချလိုက်သည်ပေ။

အတန်ကြာအောင် ငိုင်တွေနေပြီးမှ ဗိုက်ဆာသည့်ဒဏ်ကြောင့် ဦးပေါ်ထွန်း လှုပ်ရှားလာပါသည်။ ရှေ့က ပြည့်စုံ့သွားသည့်လမ်းကြောင်း အတိုင်း ရေဇလုံထဲလက်နှစ်ဆေးကာ သုံးဆောင်လေတော့၏။ တကယ် စားတော့လည်း သူ့လက်ချည်းဖြစ်သည်။ လူငယ်ဖြစ်သော ပြည့်စုံပင် ဦးပေါ်ထွန်းလောက် မစားနိုင်ချေ။

“စားလို့ကောင်းလိုက်တာကွာ၊ ဗိုက်ဆာနေလို့လားမသိဘူး”

ဦးပေါ်ထွန်း၏စကားသံကို အိမ်ရှင်ဦးလေးကြီးက ကြားသွားဟန်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"စားကောင်းတယ်ဆိုရင်ပဲ ဝမ်းသာလှပြီဗျို့။ နို့မို့ဆိုရင် ... အဲ ဒီအမင်းတွေက ဝက်စာဖြစ်တော့မှာ"

ထိုစကားကြောင့် ဦးပေါ်ထွန်းမျက်နှာက အီလည်လည်ကြီး ဖြစ်သွားသည်။ ပြည့်စုံက လေသံတိးတိုးနှင့် ...

"သူတို့က ပွင့်ပွင့်လင်းလင်းပြောတတ်လို့ပါ အန်ကယ်ကြီးရဲ့"

ဦးပေါ်ထွန်းက သဘောပေါက်သလို ခေါင်းညိတ်လိုက်ပြီး အိမ်ရှင် ဦးလေးကြီးဘက်သို့လှည့်၍ ...

"တကယ်စားကောင်းပါတယ်ခင်ဗျ၊ ကျေးဇူးလည်းတင်ပါတယ်"

"စားပြီးရင်လည်း ဒီဘက်လာဗျာ၊ ရေနွေးသောက်ရင်း အချိုလည်း စားကြဦး"

လက်ဖက်ရည်ကြမ်းနှင့် ထန်းလျက်ပန်းကန်ကိုလည်း အသင့်ပြင် ထားပုံရသည်။ ပြည့်စုံတို့လည်း ရေနွေးကြမ်းသောက်ရင်း အချိုတည်း လိုက်ကြ၏။

အိမ်ရှင်ဦးလေးကြီးကပဲ ...

"ဒါနဲ့ မောင်ရင်တို့က ဘယ်ကိုသွားကြမှာလဲကွဲ့"

ပြည့်စုံကပဲ ဖြေလိုက်ပါသည်။

"သွားမယ့်နေရာတွေကတော့ အစုံပဲဦးလေးကြီးရေ။ ပင်လယ် ကမ်းခြေဘက်လည်းသွားမယ်၊ တောင်ပေါ်ဒေသတွေဘက်လည်း သွား မလားလို့။ ဒီက အန်ကယ်ကြီးရဲ့ကျန်းမာရေးအတွက် ထွက်လာတာ ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ထွန်းက မျက်နှာအီလည်လည်ကြီးနှင့် ထောက်ခံသည့် ခေါင်းညိတ်ပြလိုက်ရ၏။ ခုမှပဲ သူ့ဘဝက လူမမာလုံးလုံး ဖြစ်သွားပြီ မဟုတ်လား။

ထိုသို့ ရောက်တတ်ရာရာစကားပြောနေချိန်မှာပဲ အိမ်ထဲသို့ လူငယ် တစ်ယောက် အူလျားဖားလျားနှင့် ပြေးဝင်လာပြီး ...

"ဦးလေးရေ ... လုပ်ပါဦးဗျာ။ ကျွန်တော့်မိန်းမ မီးဖွားခါနီး ရေမွှာပေါက်သွားလို့"

"ဟေ"

အိမ်ရှင်ဦးလေးကြီး၏မျက်နှာက အပျက်ပျက် အယွင်းယွင်း ဖြစ်သွားကာ ...

"ဟာ ... ဘယ်လိုဖြစ်တာလဲ ကျော်သောင်းရာ၊ ဝမ်းဆွဲမအေး ကော"

"ရှိတယ် ဦးလေးရဲ့၊ သူလည်း ဘာမှမတတ်နိုင်တော့ဘူးတဲ့ ဆေးရုံကိုပို့ဖို့ပဲ ပြောနေတာ။ အဲဒါ ဦးလေးရဲ့ထော်လာဂျီများ သုံးလို့ ရမလားလို့"

ဦးလေးကြီးက ခေါင်းကုတ်လိုက်ရင်း ...

"ခက်တာပဲကွာ၊ ငါ့ထော်လာဂျီကလည်း စက်ပျက်နေလို့ အိမ်မီး အတွက်တောင် မီးစက်အသေးလေးနဲ့ မောင်းထားရတာ။ ဒုက္ခပါပဲ"

ထိုသို့ပြောလိုက်တော့မှပဲ ကျော်သောင်းဆိုသည့်လူက ဒေါသ ပါကြီးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခတော့ရောက်ပြီ ထင်ပါတယ်ဗျာ။ ဆေးရုံမသွားနိုင်ရင် ကျွန် ...မိန်းမရော,ကလေးရော သေမှာဗျ"

နားထောင်နေသည့် ပြည့်စုံလည်း မနေသာတော့သဖြင့် ဝင်မေး ...ရသည်။

"ဒါနဲ့ ဦးလေးတို့ရွာထဲမှာ တခြားကား မရှိတော့ဘူးလားဗျ"

ဦးလေးကြီးက ခေါင်းခါလိုက်ရင်း ...

"ရွာထဲမှာတော့ ကားပိုင်တဲ့လူ မရှိပါဘူးကွယ်။ မြို့တက်ချင်ရင် ...ောင် ကားတွေက မနက်ကျမှ တခြားကနေ ဂိတ်လာထိုးကြမှာ"

"ဩော်"

ရေရွှတ်ရင်းက ဘာလုပ်ရမည်ကို ပြည့်စုံ စဉ်းစားလိုက်သည်။ ဦးပေါ်ထွန်းကိုလည်း အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်လိုက်ပြီးမှ ...

"ကဲ ... မထူးတော့ပါဘူးဗျာ။ ဒီလောက် သေရေးရှင်ရေးဖြစ်နေ ...ာ ကူညီရမှာပေါ့။ ကိုကျော်သောင်း လာဗျာ ... ကျွန်တော်တို့ကားနဲ့ ...င်ဗျားမိန်းမကို ဆေးရုံလိုက်ပို့မယ်"

ပြောရင်း ပြည့်စုံက ထရပ်လိုက်သဖြင့် ဦးပေါ်ထွန်းက ယောင် ...တောင်တောင်နှင့် မော်ကြည့်ကာ ...

"ပြည့် ... ပြည့်စုံ ... ငါ ... ငါကကော"

"အန်ကယ်ကြီးလည်း လိုက်ခဲ့လေ။ အတူတူသွားမှ ဖြစ်မှာပေါ့"

"အေး ... အေး"

ဆေးမိသလို ရေရွှတ်ရင်း ဦးပေါ်ထွန်း ထလိုက်လာပါသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



စဉ် အိမ်ရှင်ဦးလေးကြီးထံမှ စကားသံကလည်း နားဝင်ချိုစရာ လွင့်ပျံ့ လာလေ၏။

"မောင်မင်းကြီးသားတွေ ဘုန်းကြီးလို့ အသက်ရှည်ကြပါစေကွာ အင်း ... နတ်ကောင်းနတ်မြတ်တွေက သူတော်ကောင်းတွေကို တို့ဆီ လွှတ်လိုက်သလားပဲ"

"ဟုတ်ပတော် ... ကျုပ်တို့လည်း ထမင်းကျွေးရကျိုးနပ်တာပဲ တော်ရေ"

သို့နှင့် ကိုကျော်သောင်းဆိုသူကိုခေါ်ကာ သူ့အိမ်သို့ ကားနှင့်သွား လိုက်၏။ ရောက်တော့ ကလေးမီးမဖွားနိုင်သည့် အမျိုးသမီးက အတော်ပင် အားကုန်ခမ်းကာ သတိလစ်မတတ် ဖြစ်နေလေပြီ၊ ပြည့်စုံ ကားနောက်ခန်းကို ...၌ နေရာကျယ်အောင် ရှင်းပေးလိုက်၏။

ပြည့်စုံ လုပ်နေသမျှကို ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေသူက ...ပေါ်ထွန်း။ ချောင်းသာခရီးစဉ်လည်း ဘယ်နားရောက်သွားပြီ မသိတော့ ...။ နားတော့။ ဝေးပြီ ...။

ကိုကျော်သောင်းကတော့ ကျေးဇူးတင်စကားကိုပဲ ရှိုးမတတ် ...တွင်ကွင်ပြောနေသည်။ သူ့အဖို့မှာလည်း ပြည့်စုံတို့က ကယ်တင်ရှင် ...ကဲ့သို့ ဖြစ်နေသည်ကိုး။

ထို့နောက်မှာတော့ ကိုကျော်သောင်းတို့လင်မယားနှင့်အတူ အဖော် ...ကောင်မလေးတစ်ယောက်ကို ကားပေါ်တင်ကာ မောင်းထွက်လာခဲ့သည်။ ...မ်းဆွဲလက်သည်အဒေါ်ကြီးကတော့ ဆေးရုံဆေးခန်းတွေကို ကြောက်၍



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖော်ကောင်မလေးကိုသာ တတွတ်တွတ်မှာကြားလိုက်ပြီး ကျန်နေခဲ့၏။

လမ်းမှာ သေလုမျောပါးဖြစ်နေသည့် မွေးလူနာက အော်သေး သည်။

"အမယ်လေး . . . ကျေးဇူးရှင် ကားဆရာကြီးရယ် . . . အီး . . . မြန်မြန်မောင်းပါတော့။ ကားထဲ ကလေးထွက်မကျရင် ကျွန်မ သေသလိမ့်မယ်"

"အို မိန်းမရာ . . . အားတင်းထားစမ်းပါ။ နင်သေလို့မဖြစ်ဘူးဟ။ ဆေးရုံပေါ်မှာ မွေးလို့ရရင်သာ မွေးချလိုက်"

ထိုစကားသံတွေကြောင့် ပြည့်စုံလည်း ယောင်ရမ်းပြီး ကားလီဗာ ကို နင်းလိုက်မိသည်။ နံဘေးရှိ ဦးပေါ်ထွန်းကို ကြည့်လိုက်တော့ ဒင်းကြီး လည်း မျက်လုံးမျက်ဆံပြူးကာ အံကြိတ်လျက်။

ပွဲကတော့ လာလေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

မည်သို့မည်ပုံ ဆေးရုံသို့ ရောက်လာခဲ့သည်ကိုမသိတော့။ ကား
ထဲတွင် ဆူညံပွက်လောရိုက်ကာ ဆေးရုံသို့ရောက်လာခဲ့သည်။ ပထမ
ရန်ကုန်ဆေးရုံကြီးသို့ မောင်းလာခဲ့ခြင်းဖြစ်သည်။ သို့သော် ဦးပေါ်ထွန်း
လမ်းမှာ ဘာကိုစဉ်းစားမိသည်မသိ။

"ဟော့ကောင် ပြည့်စုံ . . . ပုဂ္ဂလိကဆေးရုံပဲမောင်းကွာ။ ငါ စိုက်
ပေးမယ်"

ထိုသို့ စိတ်ပါလက်ပါပြောလာတော့လည်း အိုကေပေါ့။ ပုဂ္ဂလိက
ဆေးရုံကိုပဲ ပြန်မောင်းခဲ့သည်ပေါ့။

ပုဂ္ဂလိကဆေးရုံဆိုသည့်အတိုင်း ဝန်ထမ်းတွေက ထိုက်သင့်
သလောက် ပျာပျာသလဲဖြစ်ပေးကြပါသည်။ မွေးမည့်လူနာကလည်း



www.burmeseclassic.com

www.burmeseclassic.com



...ဆာ့ မျှော်ပါးဖြစ်နေပြီ မဟုတ်လား။

မွေးလူနာအား တွန်းလှည်းနှင့် တင်ခေါ်သွားကြသည်။ ဝန်ထမ်း ...ောင်မလေးတစ်ယောက်က လူနာရှင်လာမေးသဖြင့် ဦးပေါ်ထွန်းက ...ကျော်သောင်း၏ပခုံးကိုဖက်ကာ . . .

"လာကွ . . . မင်းနဲ့ငါ သွားရအောင်"

ပြည့်စုံပင် ကြောင်တောင်တောင်ဖြစ်ကာ ကျန်ခဲ့ရသည်။ လှမ်း ...ကြည့်လိုက်တော့ ကောင်တာတွင် ဦးပေါ်ထွန်းကပဲ ပုံစံစာရွက်တွေဖြည့် ... ငွေတစ်ထပ်ထုတ်ပေးနေသည်ကိုလည်း တွေ့လိုက်ရ၏။ ပြည့်စုံ ဘယ် ...ကိုမှ မထင်ထားသည့်မြင်ကွင်း။

ခဏအကြာမှာတော့ ဦးပေါ်ထွန်းက ပြည့်စုံထိုင်နေရာသို့ ပြန် ...ရောက်လာပြီး . . .

"ဟိုကောင်ကိုကြည့်ရတာ အူတူတူ အတတနဲ့ကွ။ ငွေလည်း ...ပါလာပုံမပေါ်လို့ လိုက်သွားလိုက်တာ။ ထင်တဲ့အတိုင်းပဲ"

"အဲဒါကြောင့် အန်ကယ်ကြီးက ဒီဆေးရုံကို ခေါ်လာတာလား"

ဦးပေါ်ထွန်းက ခေါင်းညိတ်သည်။ ပြီးမှ . . .

"အဲဒါလည်း ပါတယ်။ ဒီမှာဆိုတော့ ဖြေရှင်းစရာရှိတာကို ...ဖြေရှင်းလို့ရတာပေါ့လေ။ ကဲ . . . ဒီကိစ္စလည်း အဆင်ပြေပြီဆိုတော့ ...တို့"

စကားက မဆုံးလိုက်ချေ။ တာဝန်ကျသူနာပြုမတစ်ယောက်နှင့် ...တူ ကိုကျော်သောင်း အနားသို့ရောက်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကူညီကြပါဦးဗျာ၊ ကျွန်တော့်မိန်းမ သွေးလိုလို့တဲ့။ ကျွန်တော် ပေးမယ်ပြောတာလည်း မရဘူး၊ လုပ်ကြပါဦးဗျာ"

"ဟင် ... ဘယ်လိုဖြစ်လို့"

တာဝန်ကျသူနာပြုက ...

"ဟုတ်ပါတယ်ရှင့်၊ လူနာက သွေးအရေးပေါ်လိုနေလို့ပါ။ ဒီ လူနာရှင်သွေးနဲ့လည်း အမျိုးအစားမတူတော့"

ပြည့်စုံက ချက်ချင်းပြန်မေးလိုက်သည်။

"ကျွန်တော် လှူမယ်ဗျာ၊ သွေးက ဘာအမျိုးအစားလဲ"

"အေဘီသွေးပါရှင့်"

"အဲ ... ကျွန်တော်က အေသွေးဗျ၊ ဒါနဲ့ ဘယ်လိုလုပ်လို့ရနိုင်မလဲ မသိဘူး။ သွေးလှူတဲ့အဖွဲ့တွေဆီ ဆက်သွယ်ကြည့်ရင်ကောင်းမယ်"

"ဆက်မနေနဲ့တော့ကွာ"

ဦးပေါ်ထွန်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထိုစကားကြောင့် ကိုကျော်သောင်း ငေါက်ခနဲဖြစ်သွားပြီးမှ ငိုချလိုက်ရင်း ...

"အဟီး ... ဘယ်လိုပြောလိုက်တာလဲ ဦးလေးရယ်။ ဒီလောက် အထိ ကူညီလာပြီးမှ ခုလိုပြောရက်သလားဗျ"

ငိုသံကြီးကြောင့် အနီးအနားဝန်းကျင်ကပါ ဝိုင်းကြည့်လာကြသဖြင့် ပြည့်စုံလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရ၏။ ထိုအခါမှ ဦးပေါ် ထွန်းက ကိုကျော်သောင်း၏ပခုံးကို လှမ်းကိုင်ကာ ...

"ဟေ့ကောင် စွတ်ငိုမနေနဲ့။ သွေးမရှာနဲ့တော့လို့ပြောတာ ဒီ



www.burmeseclassic.com

www.burmeseclassic.com



...မှိုလို့ဟော့၊ ငါ့သွေးက အေဘီသွေး''

ကိုကျော်သောင်းက မျက်ရည်တွေသုတ်ကာ မော့ကြည့်လာပြီး ...သံကြီးနှင့် ...

''ဗျာ ... တကယ်လား ဦးလေး''

''တကယ်ပေါ့ကွ၊ ဒီအချိန်က နောက်စရာလား''

''ကျေးဇူးတင်ရပြန်ပြီဗျာ။ ကျေးဇူးတင်ရပြန်ပြီ။ ဦးလေးရဲ့အိမ်မှာ ...သို ခံပါ့မယ်ဗျ''

တာဝန်ကျသူနာပြုကတော့ ဦးပေါ်ထွန်းကိုကြည့်ကာ ...

''တစ်ခုလောက်တော့ ကြိုပြောထားမယ်နော်။ အန်ကယ့်အသက် ...နဲ့က သွေးပေါင်ချိန်ပြည့်မှ လှူလို့ရမှာနော်''

ဦးပေါ်ထွန်းက သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်ပါသည်။

''ကျွန်တော် နားလည်ပါတယ် ဆရာမ၊ ရရင်တော့ လှူတာပေါ့ ...''

''အဲဆိုလည်း သွားရအောင်''

သွားပါမည်ဆိုကာမှ ကိုကျော်သောင်းက ထိုင်ရှိုးနေသဖြင့် မနည်း ...လိုက်ရသေးသည်။ ဦးပေါ်ထွန်း သွေးလှူရန် လိုက်ပါသွားသည်မှာ ...ကြာတော့မှ သွေးလှူတာအဆင်ပြေလောက်ပြီဟု တွေးလိုက်မိ ... သို့ကြောင့် ဆေးရုံအပြင်ဘက် ခဏထွက်ကာ လေကောင်းလေသန့် ...လိုက်၏။ ဗိုက်ထဲက ဟာတာတာရှိလာသဖြင့် အနီးနားရှိ လမ်းဘေးဆိုင် ...ဝင်ကာ ဗိုက်ဖြည့်လိုက်သေးသည်။ ဆေးရုံထဲ ပြန်ဝင်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာတော့ ဦးပေါ်ထွန်းက နားနေသည့်နေရာတွင် ပြန်ရောက်နေလေပြီ။

အနားမှာကပ်ထိုင်ရင်း ပြည့်စုံက မေးလိုက်၏။

"အန်ကယ်ကြီး အဆင်ပြေရဲ့လားဗျ"

ခပ်ဖြည်းဖြည်း ခေါင်းညိတ်ပြလာပြီးမှ ...

"ပြေပါတယ်ကွာ၊ နည်းနည်းနုံးနေတာကလွဲရင်ပေါ့"

ထိုစကားကြောင့် ပြည့်စုံက စဉ်းစားလိုက်ကာ ...

"အင်း ... ခုတိုင်းဆိုရင်တော့ ကျွန်တော်တို့ ခရီးပြန်ထွက်လို့ ဖြစ်မှာမဟုတ်ဘူး အန်ကယ်ကြီး"

"အေးကွာ ... အဲဒါတော့ဟုတ်တယ်။ ပြီးတော့ မနက်ကျရင် ဘိုကလေးပေါက်စလေးကိုလည်း ငါကြည့်ချင်သေးတယ်ကွ"

ပြည့်စုံက ပြုံးလိုက်မိသည်။

"အန်ကယ်ကြီးသဘောလေ။ အဲဆို ကျွန်တော်တို့ အိမ်ပြန်ကြ လား"

ဒီတစ်ခါ စဉ်းစားသွားသူက ဦးပေါ်ထွန်းဖြစ်၏။

"ခရီးသွားမယ်ဆိုပြီး ထွက်လာပြီးမှ အိမ်လည်း မပြန်ချင်ဘူးကွာ ...လိုလုပ်မယ်လေ ... မင်းနဲ့ငါ ဟိုတယ်တစ်ခုခုမှာ ခဏဝင်နေလိုက်မယ်။ နောက်နေ့ကျမှပဲ ဘာဆက်လုပ်သင့်တယ်ဆိုတာ စဉ်းစားကြတာပေါ့"

"ကောင်းသားပဲ အန်ကယ်ကြီး။ ကျွန်တော်လည်း ခုနားချင်နေပြီ"

"သွားတာပေါ့ကွာ၊ အဲ ... ခဏလေး"

ပြောပြီး ဦးပေါ်ထွန်းက ကောင်တာဆီသို့သွားကာ ကောင်တာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအား ဘာတွေမှန်းမသိ မှာနေပြန်သည်။ သေချာတာတစ်ခုက ကျောက်သောင်းတို့နှင့် ပတ်သက်နေမည်ပဲ။

ထို့နောက်မှာတော့ နှစ်ယောက်သား ဆေးရုံမှ ထွက်လာခဲ့ကြ၏။ လမ်းမှာကားမောင်းလာရင်း ပြည့်စုံက မေးလိုက်ပါသည်။

"ဘယ်လိုလဲ အန်ကယ်ကြီး ... ဒီနေ့တော့ ကျွန်တော်တို့လည်း ဘာရေးခရီးကိုမရောက်ဘဲ အချိန်တွေကုန်သွားရတယ်။ အဲဒီအချိန်တွေကို နှမြောတယ် မနှမြောဘူးလားဗျ"

စကားအဆုံးမှာ ဦးပေါ်ထွန်းက အတန်ကြာ စဉ်းစားလိုက်ပြီးမှ လေးနက်သောပုံစံဖြင့် ပြောလာလေသည်။

"မင်းပြောမှပဲ ငါလည်းစဉ်းစားမိတော့တယ်ကွ။ အချိန်တွေ ကုန်သွားတာမှန်ပေမယ့် ဒီလောက်တန်ဖိုးရှိရှိနဲ့ ပီတိဖြစ်ပြီး ကုန်ရလိမ့်မယ်လို့ မထင်ထားမိဘူး ပြည့်စုံ။ ငါတော့ ဒီနေ့အတွက် ကျေနပ်တယ်"

ပြည့်စုံက ခေါင်းညိတ်ထောက်ခံလိုက်ရင်း ...

"အဲလိုပဲဖြစ်ရမယ်လေ။ ကျွန်တော်တို့က အချိန်တွေကို လိုက်ကန့်သတ်ပြီး ဘယ်အချိန်မှာ ဘာဖြစ်ရမယ်လို့ ကြိုသတ်မှတ်ထားပေမယ့် သဘာဝတရားကျတော့ အဖြစ်အပျက်တွေက သူ့အချိန်နဲ့သူ ဖြစ်ချင်တာတွေ ဖြစ်ပျက်နေတာပါ။ အဲဒီအပေါ်မှာပဲ ကျွန်တော်တို့ ကောင်းကောင်း နေတတ်ဖို့ လိုတယ်မလားဗျ"

ဦးပေါ်ထွန်းမျက်နှာက တည်သွားသည်။ ပြည့်စုံ၏စကားကိုလည်း စဉ်းစားသွားဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com


"မင်းပြောတာလည်း ဟုတ်သလိုလိုပဲကွ။ ငါလည်း စဉ်းစားကြ ဦးမယ်။ နောက်နေ့မှ ထပ်ဆွေးနွေးတာပေါ့။ ခုတော့ နားချင်ပြီ"

"ဟုတ်ကဲ့ . . . ခုလည်း ဟိုတယ်ရောက်ပါပြီဗျာ"

ပြောရင်း ပြည့်စုံက ဟိုတယ်ဝင်းထဲသို့ ကားချိုးဝင်လိုက်ပါသည်။ အခြေအနေနှင့် အချိန်အခါပေါ်မူတည်ကာ ဦးပေါ်ထွန်း အသိတစ်ခုရ သွားသဖြင့် ပြည့်စုံကျေနပ်ပါသည်။ ဦးပေါ်ထွန်းအဖို့မှာတော့ ဝယ်ယူ၍ မရနိုင်သည့် ပီတိတွေပါ ရလိုက်သည် မဟုတ်ပါလား။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မနက်အိပ်ရာကနိုးတော့ အားအင်တွေပြည့်ဝနေပါသည်။ ညက ကောင်းကောင်းအိပ်မောကျသွားလို့လားမသိ။ မနေ့ညက အဖြစ်အပျက် တွေကို ပြန်စဉ်းစားရင်း ပြုံးလိုက်မိသေးသည်။ ကိုယ်တင်မဟုတ် ဦးပေါ် ထွန်းလည်း ပီတိတွေ စာမြုံ့ပြန်နေမှာ သေချာလောက်၏။

ကိုယ်လက်သန့်စင်ပြီး ဘရိတ်ဖတ်စားရန် ဟိုတယ်အိပ်ခန်းမှ ထွက်လာခဲ့သည်။ စားသောက်ခန်းထဲရောက်ချိန်မှာတော့ ဦးပေါ်ထွန်းက ရောက်နှင့်နေသည်ကို တွေ့လိုက်ရ၏။

"မင်္ဂလာပါ အန်ကယ်ကြီး"

ပြည့်စုံ နှုတ်ဆက်လိုက်တော့ ဦးပေါ်ထွန်းက ပြုံးစစပြန်လှည့်ကာ

... ၄



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း အိပ်လိုက်တာကွာ၊ ငါဆို မနက်ခြောက်နာ ဒေါင်ဆိုတာနဲ့ အိပ်ရာက ထပြီကွ"

ပြည့်စုံက ခုံမှာဝင်ထိုင်လိုက်ရင်း ...

"စောစောထကာ ကောင်းပေမယ့် အားအင်ပြည့်အောင်လည်း အိပ်ရေးဝဝ အိပ်ဖို့လိုသေးတယ်လေဗျာ။ အန်ကယ်ကြီးလိုတော့ အခ ကျေးကျွန် အဖြစ်မခံနိုင်ပါဘူး"

"မင်းစကားကြီးကလည်းကွာ"

မျက်နှာကြီး ရှုံ့မဲ့ရင်း ဦးပေါ်ထွန်း ပြန်ပြောလာသည်။ ပြည့်စုံ သဘောကျသလို ရယ်လိုက်ပြီးမှ ...

"ဟုတ်တယ်လေ အန်ကယ်ကြီးကလဲ။ ညပိုင်း အိပ်ရာဝင်နော ကျသွားရင် မနက်ပိုင်း ပိုအိပ်ဖို့လိုတာပေါ့ဗျ။ အဲဒါမှမဟုတ်ဘဲ ငါ ထ ကျအချိန် ထမှဖြစ်မယ်ဆိုရင် ကိုယ့်ခန္ဓာကိုယ်အပေါ် ဘယ်တရားပဲ့မ အနားယူဖို့လိုတယ်လေဗျာ"

ထိုစကားကြောင့် ဦးပေါ်ထွန်းက ယောက်ျားကြီးတန်မဲ့ မျ စောင်းခဲလိုက်ကာ ...

"အဲလိုမဖြစ်အောင် အချိန်နဲ့အိပ်လေကွ။ ကိုယ်သတ်မှတ်ထား အချိန် မထနိုင်စရာမရှိဘူးကွ။ အဲဒါကြောင့်လည်း အချိန်နဲ့စား အ အိပ်ဆိုတဲ့စကား ရှိနေတာပေါ့"

"အာ ... ဒါကတော့ အန်ကယ်ကြီး စကားကပ်တာပဲဗျာ။ အ ဆိုတဲ့နေရာမှာ အခြေအနေဆိုတာကလည်း ရှိသေးတယ်လေ။ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



...လို အခြေအနေပေါ်မူတည်ပြီး အချိန်ကို အသုံးချရတဲ့အခါမျိုးဆိုရင် ...သတ်မှတ်ထားတဲ့ စည်းကမ်းကို အခြေအနေအရ ဖျက်လိုက်ရတယ် ...လား။ အခြေအနေနဲ့ အချိန်အခါဆိုတာ အဲဒါကို ပြောတာဗျ''

''အေးပါကွာ ... မင်းက ဆရာကြီးပါ''

ကြီးကောင်ကြီးမားကြီးနှင့် ဦးပေါ်ထွန်းက လာရွဲ့နေသေးသည်။ ...နိမှာပဲ ဟိုတယ်ဝိတ်တာလေးက ဘရိတ်ဖတ်လာပြင်ပေးသဖြင့် ...ပြတ်သွားကြ၏။ စားနေ သောက်နေရင်း ဦးပေါ်ထွန်းက သတိရ ...န်တုသည်။

''ဆေးရုံက ကျော်သောင်းတို့မိသားစုကော စားရေးသောက်ရေး ...င်ပြေရဲ့လားမသိဘူး။ တစ်ခေါက်လောက်တော့ သွားကြည့်ဦးမှပဲကွ''

ထိုစကားကြောင့် ပြည့်စုံက ခေါင်းညိတ်လိုက်ကာ ...

''ကောင်းသားပဲဗျ၊ ကျွန်တော်လည်း အန်ကယ်ကြီးကို အဲဒါ ...မလို့ပဲ။ တော်ကြာ ခရီးသွားဖို့ကိစ္စ နှောင့်နှေးတယ်ဖြစ်မှာစိုးလို့လေ''

''အိုကွာ ... ခရီးသွားတာက အရေးတကြီးမှမဟုတ်တာ။ ဘယ် ...နေ့သွားသွားရပါတယ်''

''ဩော် ... အချိန်က အရေးမကြီးပြန်တော့ဘူးပေါ့''

''ဟေ့ကောင်''

လှမ်းငေါက်လိုက်သဖြင့် ပြည့်စုံလည်း အသာဇက်ပုလိုက်ရသည်။ ...ကြာမှ ဦးပေါ်ထွန်းက ...

''ဟေ့ကောင် အချိန်နဲ့ပတ်သက်ပြီး မင်း ငါ့ကိုပဲ သင်မနေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့ကပြောတဲ့ မင်းဇာတ်လမ်းလေးကိုလည်း ဆက်ပါဦးကွ။ ကောင်မလေး နာမည်က ဘယ်သူ၊ ခင်နီလာ ... ဆိုလား"

"ဇင်နီယာပါဗျာ ...၊ အန်ကယ်ကြီးကလည်း"

"အေး ... လုပ်စမ်းပါဦး၊ အဲဒီဇင်နီယာနဲ့ မင်း ဘာတွေဆက် ဖြစ်သေးလဲဆိုတာ"

စကားအဆုံးမှာ ပြည့်စုံက ငွေ့ငွေ့လေးပြုံးလိုက်ပြီး ...

"ဇာတ်လမ်းက သိပ်တော့လည်း မဆန်းပေမယ့် ရိုးလည်း မရိုး ဘူးဗျ၊ ဆက်ပြောရရင်တော့"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် လူသားဖြစ်ကြသည့်အလျောက် အစာအိမ်ပါသည်မို့ ဗိုက်ဆာတာက မဆန်းချေ။ ထိုသို့ ဗိုက်ဆာလျှင် ကျောင်းဝင်းထဲမှာရှိသည့် ကင်တင်းသို့ ဗိုက်ဖြည့်ရန် သွားကြရသည်မှာလည်း မဆန်း။

ထို့ကြောင့် ပြည့်စုံနှင့်နွေယွန်းတို့ နေ့လယ်စာစားချိန် ကင်တင်းမှာ ...င်ဆုံမိကြခြင်းကလည်း တိုက်ဆိုင်မှုမဟုတ်သည့် သာမန်ကိစ္စသာ ဖြစ်လေသည်။

တစ်ခုတော့ ခြွင်းချက်အနေနှင့် ပြောစရာရှိသည်။ ထိုအရာကသော့ ပြည့်စုံ၏စိတ်ထဲတွင် နွေယွန်းနှင့်ပြန်ဆုံလျှင် ကောင်းမှာပဲဟု တွေး...ားမိခြင်းဖြစ်သည်။ မျှော်လင့်ထားသည်ဟုဆိုလျှင်လည်း မ[illegible]း။

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေဖြစ်သည့် တင်စိုးနှင့်မျိုးကျော်တို့ကိုလည်း အခြေ အမြွက် ပြောပြထားသောကြောင့် ဒင်းတို့က နွေပယ္ဂမ်းကို မြင်ဖူးချင်ကြ ကြသည်။ ထိုရည်ရွယ်ချက်တွေနှင့်လည်း ထိုသကောင့်သားနစ်ကောင် ကင်တင်းသို့ လိုက်ပါလာကြခြင်းဖြစ်၏။

"ကြည့်ကြသေးတာပေါ့ကွာ ... မင်းရဲ့ဇင်နီယာက မင်းပြော သလောက် လန်း,မလန်းဆိုတာ"

တင်စိုး၏ကြိုးဝါးသံအဆုံးမှာ မျိုးကျော်ကကလည်း သိပ်မ လိုဟန်ဖြင့် ...

"မင်းပေးထားတဲ့နာမည်နဲ့ ထိုက်တန်ဖို့လိုတာတော့ အမှန် ပြည့်စုံ"

ထိုစကားတွေကြောင့် ပြည့်စုံက ရယ်လျက် ...

"မင်းတို့ကလည်းကွာ လဒ (လင်းတ) လောက်တော့ ၄က်တင် လှပါတယ်ကွ"

"အောင်မာ ဘာဆိုင်လို့လဲ"

"ဩော် ... ဇင်နီယာလည်း ဒေစီပန်းတစ်ပွင့်ရဲ့နာမည်ပဲလေ ပန်းဆိုတဲ့အတိုင်း သူ့အလှနဲ့သူတော့ ရှိတာပေါ့ကွ"

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ... ဇင်နီယာလို့ မင်း တင်စားထားတာ ကြည့်မရလို့ကွ၊ ရှင်းပြီလား"

ပြည့်စုံက ရယ်ပဲရယ်နေလိုက်သည်။ ထိုအချိန်မှာပဲ သုံးယောက် သား ကင်တင်းရှေ့သို့ ရောက်လာကြပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကင်တင်းထဲရောက်တော့ မထိုင်သေးဘဲ ဝေ့ကြည့်ကာ ရှာမိပါသေးသည်။ သို့သော်လည်း နွေယွန်းနှင့် ခပ်ဆင်ဆင်တူသူကိုတောင် မတွေ့ရ။

ထို့ကြောင့် သက်ပြင်းချကာ လွတ်နေသည့်စားပွဲတစ်ဝိုင်းမှာပဲ ဝင်ထိုင်လိုက်ရသည်။

တင်စိုးက ...

"ဘယ်လိုလဲ ပြည့်စုံ ... မင်းရဲ့ဇင်နီယာကို မတွေ့ဘူးလားကွ"

"ဟော့ကောင် ... ငါ့ပုံစံက သူ့ကိုတွေ့လိုက်ရလို့ ပျော်တဲ့ပုံစံ ဖြစ်နေလို့လား"

ပြည့်စုံ ဘုတောကာ ပြန်ပြောလိုက်တော့မှ နှစ်ကောင်သား မသိမသာ ငြိမ်သွားကြသည်။ ဒါတောင် မျိုးကျော်ကျော်က ...

"မင်းကလည်းကွာ ... ငါတို့ကလည်း မင်းကို သူနဲ့ထပ်ဆုံစေချင်ပါတယ်"

စကားအဆုံးမှာ တင်စိုးကလည်း ...

"ဟုတ်တယ်ကွ ... ဒါမှမဟုတ်ရင်ရင် မင်းလည်း ဘွဲ့ရတာတောင် ရည်းစားရမှာမဟုတ်လို့ ပြောရတာပါ။ ဒါနဲ့ မင်းရဲ့ဇင်နီယာမှာလည်း ရည်းစားရှိရင် ရှိနိုင်သေးတာပဲ"

"ဟော့ကောင်တွေ ... တော်တော့ကွာ"

ပြည့်စုံ အော်လိုက်သော်လည်း သကောင့်သားနှစ်ကောင်က မျက်နှာပိုးမသတ်နိုင်ဘဲ တခွီးခွီးရယ်နေကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ . . .

"ပြည့်စုံ . . . ကျွန်မတို့ ဒီဝိုင်းမှာ ထိုင်လို့ရတယ်မလား။ စားပွဲဝိုင်းတွေ မအားလို့"

အသံလေးကြောင့် ဒိန်းခနဲဖြစ်သွားရရင်း ပြည့်စုံမော့ကြည့်လိုက်မိသည်။ ပါးစပ်ကလည်း လွှတ်ခနဲ . . .

"ဇင်နီယာ . . . အဲ နွေယွန်းတို့ပါလား။ ထိုင်လေ ဒီမှာ ကျွန်တော်ဘို့ပဲရှိတာ"

နွေယွန်း မသိမသာ မျက်မှောင်လေးကြုတ်လိုက်ပြီးမှ အတူပါသာသည့် ယုယုကို ထိုင်ရန်မေးဆတ်ပြရင်း ဝင်ထိုင်လိုက်သည်။ ထိုအချိန်မှာတော့ တင်မျိုးနှင့်မျိုးကျော်ကျော်တို့က ခေါ်တောဝါးသိန်းအား မျက်လုံးတွေနှင့် နွေယွန်းကို လှေ့လာနေကြလေပြီ။

နွေယွန်းက သူ့ဟန်းဖုန်းမှနာရီကို တစ်ချက်ကြည့်လိုက်ပြီးမှ စားပွဲထိုးလေးကိုခေါ်ကာ အစားအသောက်တွေမှာလိုက်သည်။ ရောက်ကတည်းက စားစရာမမှာရသေးသည့် ပြည့်စုံတို့လည်း ထိုအခါမှ မှာလိုက်ရသည်။

စားပွဲထိုးလေးထွက်သွားတော့မှ နွေယွန်းက . . .

"ခုနကလေ ပြည့်စုံ ကျွန်မကိုခေါ်တော့ နာမည်လိုလိုတစ်ခု ကြားလိုက်ရသေးတယ်။ ဇင် ဘာဆိုလား"

နွေယွန်းက မိန်းကလေးပီပီ စပ်စုချင်စိတ်ဖြင့် ဘာရယ်မဟုတ်မေးလိုက်သော်လည်း တင်စိုးတို့အဖို့မှာတော့ ခေါ်းထိုးစရာအပ်ကြီးကြီးကောက်ရသလိုဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဆိုသလိုပဲ တင်စိုးက ...

"အဲဒါက ဒီလိုပါဗျ ... ဇင်နီယာဆိုတာက အာကာသထဲမှာ အသမဆုံး စိုက်ပျိုးပြီးပွင့်လာတဲ့ ဒေစီပန်းတစ်မျိုးနာမည်ပါ"

"ဩော် ... ဟုတ်လား"

တင်စိုးက ခေါင်းညိတ်ပြလိုက်သည်။ စကားရှည်တော့မည်ကို သိသဖြင့် ပြည့်စုံက စားပွဲအောက်ကနေ ခြေထောက်ဖြင့် ကန်ကာ သတိပေးလိုက်သော်လည်း တင်စိုးက အပြုံးမပျက်ဘဲ ...

"ဟုတ်တယ်ဗျ။ ကျွန်တော်တို့သူငယ်ချင်းပြည့်စုံကလည်း သူ စိတ်ဝင်စားနေတဲ့ ကောင်မလေးကို ဇင်နီယာဆိုပြီး ကျိတ်အမည်ပေးထားတာလေ"

"ဟာ ... ဟုတ်ကောင်းတော့"

"မတော်နိုင်ပါဘူး ပြောမှာပဲ"

တင်စိုးအပြောကြောင့် ပြည့်စုံတစ်ယောက် ဆက်ထိုင်မနေနိုင်တော့ဘဲ ထထွက်ပြေးလာခဲ့လေ၏။ နွေယွန်းက ပြည့်စုံကိုကြည့်ရင်းက ကြောင်တောင်တောင်ပုံစံလေးဖြင့် ...

"ဟင် ... ပြည့်စုံက ဘာဖြစ်သွားတာလဲ"

မျိုးကျော်ကျော်က ဝင်၍ ...

"ရှက်သွားတာနေမှာပေါ့ဗျာ။ အဲ ... ခုနက စကားကိုဆက်ရရင် သူ စိတ်ဝင်စားနေပြီး ဇင်နီယာလို့ ကျိတ်နာမည်ပေးထားတဲ့ ကောင်မလေး ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ လွှတ်ခနဲ ခေါ်မိသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ယုယုက နွေပုံယွန်းကို ဒိုင်းခနဲကြည့်လေသည်။ နွေယွန်းစိတ်ထဲမှာလည်း ဒိန်းခနဲဖြစ်သွားရရင်း . . .

"ရှင် အဲဒါဆို"

တင်စိုးက ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်ပါတယ်ဗျ၊ ဒီက မနွေယွန်းကို ပြည့်စုံက ဇင်နီယာလို့ ခေါ်လိုက်မိတာပါ။ အဟဲ . . . ဒီကောင် ဇင်နီယာ တင်စားထားတာကလည်း မလွန်ပါဘူးဗျ။ ကျွန်တော်တို့ သွားလိုက်ဦးမယ်နော် . . . အဟီး"

တောက်လျှောက်ကြီးပြောပြီးမှ တင်စိုးနှင့်မျိုးကျော်ကျော်တို့လည်း အမြန်လစ်ထွက်လာခဲ့ကြသည်။

အံ့သြထူးဆန်းသည့်စကားတွေကြားလိုက်ရသလိုမျိုး နွေယွန်း အူတူတူဖြစ်ကာ ကျန်ခဲ့ပြီးမှ . . .

"ဟဲ့ ယုယု . . . မဟုတ်မှလွဲရော သူတို့ပြောသွားတဲ့သဘောက"

ယုယုက မျက်စောင်းထိုးလိုက်ပြီးမှ . . .

"ရှင်းနေတာပဲလေ . . . ပြည့်စုံက နင့်ကို စိတ်ဝင်စားတယ်။ ဇင်နီယာဆိုပြီး နင့်ကို နာမည်ပေးထားတယ်။ ပြောရရင်တော့ . . . သူ့နှလုံးသားရဲ့အာကာသဟင်းလင်းပြင်ထဲမှာ နင်က ပထမဆုံးပွင့်လာတဲ့ ပန်းပေါ့ဟာ"

ထိုစကားကြောင့် နွေယွန်း ရှက်သွေးဖြန်းသွားမိသော်လည်း စိတ်ဆိုးဟန်ဖြင့် . . .

"ယုယုရာ နင်ပြောမှပဲ ပိုဆိုးတော့တယ်။ ငါ့မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ယက်ရှင်ကို ရန်တွေ့ချိန်တောင်မရလိုက်ဘူး။ ထွက်ပြေးသွားတာ
နေတာပဲ"

"ခုထွက်ပြေးတာက အကြောင်းမဟုတ်သေးဘူးနော်။ နောက်
ပ်ခါ ထပ်တွေ့လို့ ဟိုက ပရိုပို့စ်လုပ်လိုက်မှဖြင့် နင်ပြန်ပြေးနေရဦးမယ်
နေ့ယွန်း"

"ဟဲ့"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟား ဟား . . . မင်းကတော့ တော်တော်ဟုတ်တဲ့ကောင်ပဲ ပြည့်စုံရာ။ သူငယ်ချင်းတွေက အလိုက်တသိ လှော်ပေးကြတာတောင် ထွက်ပြေးရတယ်လို့"

ဦးပေါ်ထွန်းစကားကြောင့် ပြည့်စုံက ဟီးခနဲရယ်လိုက်ပြီး . . .

"ရှက်တာကိုးဗျ။ ပြီးတော့ ဟိုကောင်တွေကလည်း တွေ့မရှောင် ဆေးထိုးတဲ့ကောင်တွေလေ။ ကျွန်တော်သာ ထွက်မပြေးခဲ့ရင် ဖင်နီယာ ပို့ရှက်သွားမှာစိုးလို့ပါ"

"အေးကွ . . . အဲဒါလည်းဟုတ်တာပဲ။ ကိုယ်စိတ်ဝင်စားတဲ့ မိန်းကလေးအပေါ် စာနာတာတော့ ကောင်းပါတယ်။ ကဲ . . . ဆက်ပါဦး ဇာတ်လမ်းကို"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ပြည့်စုံက နာရီကိုကြည့်လိုက်ပြီး ...

"ဟဲ ဟဲ ... ကိုရီးယားဇာတ်လမ်းတွဲလို ခဏတော့ ရပ်ထားဦး မယ်လေ၊ ကျွန်တော်တို့ ဆေးရုံသွားရဦးမယ်မလား"

ထိုသို့ပြောလိုက်တော့မှ ဦးပေါ်ထွန်းလည်း ပျာပျာသလဲ ဖြစ် သွားရင်း ...

"ဩော် ... အေး ဟုတ်သားပဲကွ။ အချိန်ရှိတုန်းလေး သွားရ အောင် ဟေ့ကောင်"

"အချိန်က ရှိပါတယ် အန်ကယ်ကြီးရာ။ ကျွန်တော်တို့ အသုံး ချတတ်ဖို့ပဲ လိုတာပါ"

"လုပ်လာပြန်ပြီ ဒီကောင်"

"နောက်တာပါဗျ"

ပြောရင်း ပြည့်စုံက တဟားဟားရယ်လိုက်သည်။ ဦးပေါ်ထွန်း ကတော့ မျက်နှာမအီမလည်ကြီးနှင့် ...။

သို့နှင့် နှစ်ယောက်သား ဆေးရုံသို့ထွက်လာခဲ့လိုက်သည်။ ဆေး ရုံရောက်တော့ ဝမ်းသာစရာသတင်းပဲ ထပ်ကြားရသည်။ ကလေးရော သူကြီးပါ ကျန်းမာသည်တဲ့။ တစ်ခုပဲ၊ သတိရတိုင်း ထိုင်ထိုင်ကန်တော့ နေသည့် ကိုကျော်သောင်းကိုပဲ တားနေရသည်။

တကယ်တမ်းကျတော့လည်း ဦးပေါ်ထွန်း စေတနာကောင်း မှုက ပြည့်စုံပင်လျှင် အံ့သြရသည်။ ကလေးမီးဖွားစရိတ်အားလုံး သူတာဝန်ယူပေးသည့်အပြင် ဆေးရုံတက်နေရသည့်အတွက် လုပ်နိုင်

www.burmeseclassic.com



ငွေကိုပါ ကြိုတင်၍ ချက်လက်မှတ်ရေးပေးခဲ့သေးသည်။

ဒီကြားထဲ ကိုကျော်သောင်း၏စကားကြောင့် ဦးပေါ်ထွန်း မျက်ရည်ဝဲသွားရသေး၏။

"ကျွန်တော်နဲ့ကျွန်တော့်မိန်းမတို့ တိုင်ပင်ပြီး သားလေးကို နာမည်ပေးလိုက်ပြီဗျ။ ကျေးဇူးရှင်ကြီးကို ဘယ်တော့မှ မမေ့အောင်ဆိုပြီး ပေါ်ထွန်းကျော်လို့ နာမည်ပေးလိုက်တယ်"

"အေးပါကွာ ... မင်းတို့သဘော"

အသံတိမ်ဝင်သွားသည်ကိုကြည့်ခြင်းအားဖြင့် ဦးပေါ်ထွန်း ဆို့နစ်ကြည်နူးသွားသည်မှာ သံသယဖြစ်စရာမလိုချေ။

ဆေးရုံမှအပြန်လမ်းမှာတော့ ဦးပေါ်ထွန်းပါးစပ်မှ လေးနက်သည့်စကားတချို့ထွက်ကျလာ၏။

"ငါ့ဘဝရဲ့လက်ကျန်အချိန်တွေကို အကန့်အသတ်မထားဘဲ လူတွေကို တတ်နိုင်သလောက် ကူညီတော့မယ်ကွာ"

ပြည့်စုံ ဘာမှပြန်မပြောဘဲ ကြည်ကြည်လင်လင်လေး ပြုံးပြကာ ဂုဏ်ပြုပေးလိုက်ပါသည်။

ထိုသို့ဖြင့်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

ဆေးရုံမှအပြန်တွင် တစ်လမ်းလုံး ငြိမ်ဆိတ်ကာလိုက်လာခဲ့ပြီး ကိုယ်ပြန်ရောက်တော့လည်း ဘာစကားမှထပ်မပြောတော့ဘဲ အခန်းထဲသို့ ဝင်သွားသည်။ ဦးပေါ်ထွန်း၏ပြောင်းလဲသွားသောပုံစံကြောင့် ပြည့်စုံပင် အံ့ဩမိသေး၏။

နေ့လယ်စာစားချိန်ရောက်ပြန်တော့လည်း အခန်းအပြင်ထွက် မလာသဖြင့် တံခါးသွားခေါက်ရန် ပြည့်စုံ စိတ်ကူးမိသေးသည်။ နောက် ပြီးတော့မှ သူ့အတွေးလမ်းကြောင်းနှင့်သူ မောင်းနှင်နေပါစေဆိုပြီး ဖြတ်ထားလိုက်သည်။ ကြည့်ရတာ ညဦးပိုင်းရောက်မှ ခရီးသွားဖို့ ထွက် လာတော့မည်ထင်ပါ၏။

သို့သော်လည်း ပြည့်စုံအထင်မှာ တက်တက်စင်အောင်



www.burmeseclassic.com

www.burmeseclassic.com



လွဲသွားခဲ့ပါသည်။

ညဦးပိုင်းရောက်တော့ ဦးပေါ်ထွန်းကိုယ်တိုင် ပြည့်စုံ၏အခန်းသို့ ရောက်လာပြီး . . .

"ငါ ခရီးမသွားချင်တော့ဘူး ပြည့်စုံ"

"ဗျာ"

"ဟုတ်တယ်။ ပြီးတော့လည်း မင်းကို ကျေးဇူးတင်စကား ပြော ချင်လို့"

ထိုစကားကြောင့် ပြည့်စုံပင်လျှင် အူတီးအူကြောင် ဖြစ်သွားရ၏။ ခပ်တည်တည်လာနောက်နေတာလားဟု သံသယစိတ်ဖြင့် ကြည့်လိုက် တော့လည်း ဦးပေါ်ထွန်းမျက်နှာက လေးနက်စွာပြောနေသည်မှာ အထင် သား။ ထို့ကြောင့် ပြည့်စုံလည်း မျက်နှာသေလေးနှင့် ပြန်မေးရလေတော့၏။

"ဘယ်လိုဖြစ်လို့ ချက်ချင်းကြီး ပြောင်းလဲသွားတာလဲ အန်ကယ် ကြီး။ ပြောပါဦး"

ဦးပေါ်ထွန်းက ခေါင်းအရင်ညိတ်သည်။ ပြီးမှ . . .

"မင်းလည်း သိမှာပါ။ ငါဟာ အချိန်ကို တန်ဖိုးထားတဲ့လူ ဆို တာကို"

လုံးဝအတည်ကြီးပြောနေသဖြင့် စောဒကတက်မနေတော့ဘဲ ခေါင်း ညိတ်ပြလိုက်ပါသည်။ ဦးပေါ်ထွန်းက ဆက်၍ . . .

"ဒါပေမဲ့ . . . ပြန်စဉ်းစားကြည့်တော့ ငါဟာ အချိန်တွေကို အမ်း တကျ ကုန်သတ်ရင်း ငါ့အတွက်၊ ငါ့မိသားစုအတွက် နောက်ဆုံး ငါ့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



အောက်ပဲ စနစ်တကျ သုံးစွဲခဲ့တာကွ။ တကယ်တော့ လူရယ်လို့ဖြစ်လာရင် သုံးသဖို့အတွက် တန်ဖိုးရှိတဲ့အချိန်တွေကို လိုအပ်နေတဲ့ လူတွေဆီ မျှဝေပေးခဲ့တယ်လို့ ငါခံစားလာရတယ်''

''သိပ်မှန်တာပေါ့ အန်ကယ်ကြီးရယ်။ လူ့ဘဝထဲရောက်လာပြီးမှ ကိုယ်ပိုင်အချိန်တွေနဲ့အတ္တကြီးစွာ လုံးထွေးပြီး သေသွားတော့ကော ဘာအကျိုးရှိမှာလဲ''

''ဟုတ်တယ် ပြည့်စုံ၊ အဲဒီလိုမျိုး ငါခံစားလာရတာ''

ပြည့်စုံက သက်ပြင်းသဲ့သဲ့ချလိုက်ပြီး ...

''ဥပမာအနေနဲ့ အနီးစပ်ဆုံးပြောရရင် ကျွန်တော်တို့ ပြည်သူတွေရဲ့ခေါင်းဆောင် အမေစုဆိုရင် သူ့ဘဝရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို ပြည်သူလူထုအတွက်ပဲ အကုန်ပေးထားတာမလား။ အမေဟာ ကျွန်တော်တို့တိုင်းပြည်ကြီး အမှောင်ထဲက ရုန်းထွက်နိုင်ဖို့အတွက် သာသာယာယာနေနိုင်တဲ့ သူ့ကိုယ်ပိုင်ဘဝကို စတေးပြီး ထားခဲ့တယ်။ အမေ့လို ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံတတ်တဲ့ ခေါင်းဆောင်မျိုး ကျွန်တော်တို့ ထပ်မရနိုင်တော့ဘူး အန်ကယ်ကြီး။ အဲဒီလိုခေါင်းဆောင် ကောင်းရှိရုံနဲ့တင် ကမ္ဘာ့အလယ်မှာ ကျွန်တော်တို့ ခေါင်းမော့နိုင်ပြီလေ''

လေးလေးနက်နက် နားထောင်နေပြီးမှ ဦးပေါ်ထွန်း ခေါင်းတဆတ်ဆတ်ညိတ်ပြလာသည်။

''အေးကွာ ... ငါလည်း တဖြည်းဖြည်းနဲ့ ပိုပြီးနားလည်လာပါပြီ ခုလိုအခြေအနေနဲ့ အချိန်အခါပေါ်မှာ ငါ့စိတ်ကို မသိမသာ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့မင်းကို ကျေးဇူးတင်ပါတယ်''

ပြည့်စုံက လက်ကာပြရင်း ...

''ကျေးဇူးတင်စရာမလိုပါဘူး အန်ကယ်ကြီးရာ။ အန်ကယ်ကြီး လည်း ပညာတတ်တစ်ယောက်ပဲလေ။ အန်ကယ်ကြီးက အဲဒီအသိတွေကို စိတ်တံခါး ပိတ်ထားတာပါ။ ကျွန်တော်က တံခါးခေါက်ရုံလေး ခေါက်ခဲ့တာ ဗျ''

ဦးပေါ်ထွန်းက အားရပါးရပြုံးလိုက်ပြီး ...

''အဟား ... မင်းကတော့ သိပ်ပြောတတ်တဲ့ကောင်ပဲကွ။ ဒါနဲ့ များ ကောင်မလေးရှေ့က ရုက်ပြီးပြေးထွက်ခဲ့ရတယ်လို့။ ဆက်ပါဦးကွ မင်းဇာတ်လမ်းလေးကို''

ပြောနေရင်းကနေ စကားအကြောင်းအရာက ပြည့်စုံ၏ဇာတ်လမ်း ဘက်သို့ ဆတ်ခနဲ လှည့်သွားသည်။ ပြည့်စုံက ခေါင်းကုတ်လိုက်သဖြင့် ဦးပေါ်ထွန်းက ပခုံးပုတ်လာပြီး ...

''ပြောပါ ဟေ့ကောင်ရ ... အရေးထဲ ရှက်သလို မူသလိုလုပ်နေ ပြန်ပြီ''

ပြည့်စုံ ဟီးခနဲရယ်မိလေတော့သည်။ ပြီးမှ မျက်နှာပိုးသေ လိုက်ရင်း ...

''ဇာတ်လမ်းကို ဆက်ရရင်တော့ သူနဲ့ကျွန်တော် ထပ်ဆုံတာက

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကျောင်းကင်တင်းထဲမှာပဲဖြစ်သည်။ တက္ကသိုလ်နောက်ခံ ရုပ်ရှင်ညှာတွေထဲကလို ကင်တင်းထဲမှာပဲဆုံနေကြလားဟု မမေးကြပါနှင့်။ ကျောင်းသားနှင့်ကျောင်းသူမို့ ကျောင်းကင်တင်းမှာ ဆုံတာက သဘာဝကျသည်။ လက်ခံပေးပါ။

ထိုနေ့ကတော့ ကင်တင်းသို့ ပြည့်စုံ တစ်ကိုယ်ရည်ထွက်လာခဲ့ခြင်းဖြစ်သည်။ မနက်တုန်းက ကော်ဖီတစ်ခွက်ပဲသောက်ခဲ့ရသဖြင့် ဗိုက်ဆာသောကြောင့် ထွက်လာခဲ့ခြင်းလည်းဖြစ်သည်။ ဟိုနှစ်ကောင်ကတော့ ပညာရေးစနစ်ဟောင်းကြီးမှာ စာသင်ချင်ယောင်ဆောင်ရင်း ကျန်ခဲ့ကြ

ကောင်းပါသည်။ ဘုန်းကြီးရှူးနှင့်လေ့လူးခေတ်ပြီးလျှင် ဉာဏ်ပညာ ခရီးဒီွှသွားသူနောက်သို့လိုက်ရင်း စစ်မှန်သောပညာရေးကြိုးပမ်းနေတွေ

www.burmeseclassic.com

www.burmeseclassic.com



ခူးဆွတ်ရမည့် ရွှေရောင်ရှင်းတောက်သည့် နေ့ရက်တွေရောက်လာတော့မည်ပဲ။ ကျွန်တော်တို့ စည်းကမ်းရှိစွာ ကြိုးစားသင်ယူကြဖို့ပဲ လိုပါလိမ့်မည်။

ကင်တင်းထဲရောက်တော့လည်း နွေယွန်းများ ရှိနေမလားဆိုသည့် စိတ်လေးဖြင့် ဝေ့ဝဲကြည့်လိုက်မိသေး၏။ စိတ်ထဲတွင်လည်း မျက်နှာချင်းဆိုင်ရန် မျက်နှာပူနေမိသောကြောင့်လည်း ဖြစ်သည်။

သို့သော် ...

ကံကောင်းသည်လား၊ ကံဆိုးတာလားတော့ မပြောတတ်။ ဝေ့ကြည့်ရင်း တစ်နေရာအရောက်တွင် လှမ်းကာစိုက်ကြည့်နေသော နွေယွန်း၏မျက်ဝန်းများနှင့် တည့်တည့်ကြီးရင်ဆိုင်လိုက်ရလေ၏။ ပြည့်စုံခမျာ ယောက်ျားရင့်မကြီးဖြစ်လျက်က ခြေဖျားလက်ဖျားတွေ အေးသွားရသည်။ နွေယွန်းက အတန်ကြာကြည့်နေပြီးမှ မသိချင်ဟန်ဆောင်ကာ သူ့ရှေ့တွင်ချထားသည့် ထမင်းပန်းကန်ကို ပြန်ကြည့်လိုက်သည်။

ပြည့်စုံလည်း တွေဝေကာ ရပ်ကြည့်နေမိသေး၏။ နွေယွန်းက သုံးဝသတိထားသောအနေအထားနှင့် သူ့ကိုပြန်မကြည့်တော့။ သို့သော် မှာယူထားသည့်ထမင်းကိုလည်း မစားဘဲ ထမင်း ကသိုဏ်းရှုနေပြန်သည်။ ဘာလေးလဲဟ။

လက်ရှိအနေအထားအရ ဘာလုပ်ရမည်ကို ပြည့်စုံ အရင်စဉ်းစားလိုက်သည်။ မျက်နှာပူနေသဖြင့် ဒီနေရာကပဲ လှည့်ပြန်သွားရမလား။ ထိုသို့ဆိုပြန်တော့လည်း အားနာဖို့က ကောင်းနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သွားပြီး ရင်ဆိုင်လိုက်လျှင်ကော။ အကယ်၍ ရှောင်ထွက်သွားပါက နွေယွန်းအပေါ် သူ စိတ်ဝင်စားခြင်းမဟုတ်ဆိုသည့်သဘောဖြစ်သွားမည်။ ထိုသို့တော့ လုံးလုံး အဖြစ်မခံနိုင်ချေ။ သူက နွေယွန်းကို စိတ်ဝင်စားနေသည်ထက် ပိုပြီး ချစ်သည်မဟုတ်လား။

ထို့ကြောင့် အသက်ကို ဝအောင်အရင်ရှူသွင်းလိုက်သည်။ ပြီး စိတ်ထဲတွင် ယုံကြည်မှုကို အရောင်တင်ကာ နွေယွန်းရှိရာသို့ တစ်လှမ်းခြင်း လျှောက်သွားလိုက်သည်။ စုံခုန်သွားလို့မှ မသင့်တော်သည်ကိုး။

တဒိန်းဒိန်းခုန်နေသော ရင်အစုံဖြင့် နွေယွန်း၏စားပွဲရှေ့တွင် ရပ်မိချိန်အထိ နွေယွန်းက ထမင်းပေါင်း ကသိုဏ်းရှုနေပါသေးသည်။

ပြည့်စုံက လှုပ်ရှားနေသည့်စိတ်ကို ထိန်းပြီး အသံပြုလိုက်ပါ၏။

"နွေယွန်း ... ကျွန်တော် ထိုင်လို့ရမလား"

အကြည့်က ထမင်းပေါင်းပန်းကန်မှခွာကာ ပြည့်စုံ၏မျက်နှာဆီသို့ ရောက်လာသည်။

သို့သော် ပြည့်စုံ၏မျက်နှာက ထမင်းပေါင်းလောက် စိတ်ဝင်စားဖို့ မကောင်း။ စားလို့လည်း မရလို့လားမသိ။ သို့သော် မပြောချင် ပြောချင် ပုံစံမျိုးနှင့်တော့ စကားပြောလာသည်။ ပြောလာဖော်ရ၍လည်း တော်ပါသေး၏။

"ထိုင်ချင် ထိုင်ပေါ့၊ ကျွန်မပိုင်တဲ့ထိုင်ခုံမှ မဟုတ်တာ"

ပြည့်စုံ မသိမသာလေး ပြုံးပြီး ဝင်ထိုင်လိုက်ပါသည်။ ပါးစပ်ကလည်း တော်ကီပစ်ရင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ခုံကို မပိုင်ပေမယ့် နွေယွန်းနဲ့ အနီးကပ်ဆုံးနေရာဆိုင်း သတ်မှတ်ချက်ကိုတော့ နွေယွန်းပိုင်တာပဲလေ။ အဲဒီနေရာလေးကို ဆိုင်း ချင်တာပါ"

မျက်စောင်းက ဒိုင်းခနဲရောက်လာသည်။ သို့သော် ခဏပဲ။ ချက်ချင်းဆိုသလို နွေယွန်းအကြည့်က ထမင်းပေါင်းပန်းကန်ဆီသို့ ပြန် ရောက်သွားပြန်သည်။

ထိုမျှပင်မကသေး ... ဖုန်းမျက်နှာပြင်ကိုလည်း ဖွင့်ဖွင့်ကြည့်နေ သေး၏။ ဘာဖြစ်လို့လဲမသိ။

ပြည့်စုံက ရဲတင်းလာပြီး တော်ကီဆက်လွှတ်လိုက်သည်။

"နွေယွန်း ... ဟိုတစ်နေ့က ကျွန်တော့်သူငယ်ချင်းတွေရဲ့ မဆင် မခြင်ပြောဆိုမှုအတွက် တောင်းပန်ချင်ပေမယ့် အဲဒါက တကယ်ပါ"

အကြည့်က ထမင်းပေါင်းဆီမှသည် မျက်စောင်းအဖြစ် ဖန်ဆင်း ကာ ပြည့်စုံဆီသို့ ဒုတိယမ္ဗိ ထပ်ရောက်လာသည်။

"ဒါဆို ရှင်က မှတောင်းပန်ဘူးပေါ့"

ထိုသို့ပြောလာသည့် နွေယွန်း၏မျက်နှာထားကို စေ့စေ့ငုငု အခဲ ခင်လိုက်၏။ နွေယွန်း၏မျက်နှာထားက နှစ်နှစ်ကာကာ စိတ်ဆိုးနေပုံမျိုး မဟုတ်သဖြင့် ပြည့်စုံက သွေးတိုးစမ်းသလို ထပ်ပြောလိုက်သည်။

"နွေယွန်းရယ် ... အချစ်ဆိုတာမှာ တောင်းပန်စရာလိုလို့လား"

ချက်ချင်းပဲ ပြန်ပြောရန်ဟန်ပြင်လိုက်ပြီး နွေယွန်းက သတိရဟန် ဖြင့် ဖုန်းကိုဖွင့်ကာ နာရီကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ . . .

"ခဏလေး . . . ပြီးမှ ရှင်နဲ့ဆက်ပြောမယ်"

"ဟင်"

ပြည့်စုံ ကြောင်တောင်တောင်ဖြစ်သွားရ၏။ နွေယွန်းက ပြည့်စုံကို နိုနေတယ်ဟူ၍ပင် မယူဆပုံနှင့် ထမင်းပေါင်းတွေချည်း ငုံ့စားနေလေသည်။ ပြည့်စုံကိုတောင် စားပါဦးလားဟု လောကွပ်မလုပ်ချေ။ ရပါသည်။ ချစ်သူစားတာကိုပဲကြည့်ကာ သွားရည်ကျလိုက်မည့်ပေါ့။ နွေယွန်း ထမင်းစားနေပုံလေးကိုပဲ စိန်ပြေနပြေကြည့်လိုက်ပါ၏။ သူစားရရင် ကိုယ်ဝတ်သလိုပါပဲလေ။

အတန်ကြာအောင် သပ်သပ်ရပ်ရပ် စားပြီးမှ စားသောက်ခြင်းအမှုကို လက်စသတ်ကာ ပါးနာသပ်လိုက်ပါသည်။ ပြည့်စုံက အလိုက်သိနှင့် ရေသန့်ဘူးထဲမှ ရေတစ်ခွက် ငှဲ့ပေးလိုက်ပါ၏။

ပြုံးယောင်ယောင်မျက်နှာထားလေးဖြစ်သွားပြီးမှ နွေယွန်းက ရေခွက်ကိုယူကာ သောက်လိုက်သည်။ သူသောက်တော့လည်း ကိုယ် ဝတ်သလိုပါပဲ။ သူ့ရင် အေးသွားပေမယ့် ကိုယ်ပူနေဆဲဖြစ်သည်။

အလုံးစုံပြီးစီးသွားတော့မှ နွေယွန်းက ခပ်တည်တည်ကြည့်လာပြီး . . .

"ကဲ ပြောပါဦး . . . ရှင် ကျွန်မဆီ လာတဲ့ကိစ္စက"

"အပြေလာတောင်းတာလေ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဆောရီး ဆောရီး၊ ပါးစပ်က လွှတ်ခနဲထွက်သွားတဲ့ ကျွန်တော် နွေယွန်းကို လေးလေးနက်နက် ပရိုပို့စ်လာလုပ်တာပါ။ နွေယွန်းကို ကိုယ်ချစ်တယ်"

"ရှင်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အဟား . . . ဇာတ်ရှိန်ကတော့ တက်လာပြီကွ၊ ဒါပေမဲ့ ငါ ဗိုက်ဆာနေပြီ ဟော့ကောင်။ နောက်ပြီးမှဆက်ပြောတော့"

ဒီတစ်ခါတော့ ဦးပေါ်ထွန်းက တပြုံးကြီးပင် စကားဖြတ်သွားသည်။ ပြောနေသည့်ပြည့်စုံပင်လျှင် ဆတ်တငံ့ငံ့ဖြစ်သွားရပြီး ငေါ့လိုက်၏။

"ရပါတယ် . . . ရပါတယ်၊ လုပ်ပါ . . . အန်ကယ်ကြီးက အချိန်နဲ့ စားရတာကိုး"

"ဟော့ကောင် မရွဲ့နဲ့၊ ခုဟာက ငါဗိုက်တကယ်ဆာလို့ စားမှာ မင်းကော မမြို့ဆိုပဲနေနိုင်လို့လား"

"အဟီး . . . စားမယ်လေ"

"မင်းတော့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နှစ်ယောက်သား ရယ်မိကြသည်။ ပြီး . . . တက်ညီလက်ညီပင် ထမင်းသွားစားလိုက်ကြ၏။ စားသောက်ပြီးသကာလ တရေးအိပ်မည်ဟုဆိုကာ ဦးပေါ်ထွန်းက အိပ်ခန်းထဲ ဒိုးသွားပြန်သည်။ ခုလိုကျတော့လည်း အချိန်ဆိုတာကို ခေါင်းထဲပင်မထည့်ဘဲ စိတ်အေးလက်အေးနိုင်လှသော ဦးပေါ်ထွန်းပါတကား။

ဒင်းကြီး စက်တော်ခေါ်တော့ ကိုယ်လည်း ဘယ်ရပါ့မလဲ။ လူငပိပိ မခံချင်စိတ်ဖြင့် အိပ်ခန်းထဲဝင်ကာ အေးအေးလူလူ လှဲနေလိုက်သည်ဟုတ်သည်လေ။ သူ့ဌေးအိပ်နေတော့မှ ဝန်ထမ်းလည်း အနားယူရသည်ပေါ့။

ညနေစောင်းမှ ဦးပေါ်ထွန်းအခန်းထဲကထွက်လာပါသည်။ ထိုအချိန်မှာတော့ ပြည့်စုံက ဘာလုပ်လုပ်အဆင်ပြေသည့် ဂျီကာဖဲချပ်အသင့်အနေအထားဖြစ်နေခဲ့ပြီ။

ဦးပေါ်ထွန်းကပဲ . . .

"ကဲ ပြည့်စုံရေ . . . ငါတို့ စားသောက်ပြီးရင် အိပ်ပဲပြန်ရအောင်။ မင်းလည်း ငါ့ကိုလိုက်ပို့ပြီးရင် နောက်နေ့မှပြန်လာခဲ့ပေါ့"

"စောစောလာရမှာလား။ အချိန်အတိအကျလား။ နည်းနည်းပါးပါး နောက်ကျလို့ဖြစ်လား အန်ကယ်ကြီး"

နောက်သလိုမေးလိုက်သည်ကို ဦးပေါ်ထွန်းက ပြန်ရွဲ့လာသည်။

"အဲဒီသုံးခုစလုံးမဖြစ်အောင် လာကိုမလာနဲ့တော့ဟေ့ . . . ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မလုပ်နဲ့။ အဲဒီလိုဆိုရင် ... ကျွန်တော် အလုပ်လက်မဲ့ ဖြစ်သွားမှာပေါ့ဗျ"

"မင်းကတော့ကွာ"

ရှီးရာမပျက် ကြိမ်းပြန်သည်။ ထို့နောက် ဟိုတယ်မှာပဲ ညနေစာစားလိုက်ကြ၏။ စားသောက်ပြီးချိန်မှာတော့ ညနေရီကိုကျော်လွန်ကာ မှောင်စပင်ပျိုးနေလေပြီ။

အိမ်သို့အပြန်လမ်းတွင်လည်း ဦးပေါ်ထွန်းတစ်ယောက် ငြိမ်ဆိတ်ကာ လိုက်ပါလာ၏။ သူ့ပြောင်းလဲမှုကို သူပြန်စဉ်းစားနေသည်လားမသိ၊ ဆိုကဲ့သို့ တွေးနေပုံရသည့် စကားအချို့လည်း ထွက်လာပါ၏။

"အေးကွာ ... ငါ့အိမ်က ငါ့မိသားစုဝင်တွေလည်း ငါ့ရဲ့ပုံစံခွက်ထဲမှာ ပိတ်မိနေကြမှာပဲကွ။ သူတို့ကိုလည်း လွတ်လပ်မှုနဲ့ ပျော်ရွှင်မှုတွေကို ပေးမှဖြစ်မယ်။ သူတို့တွေလည်း သနားပါတယ်"

"ကောင်းတာပေါ့ အန်ကယ်ကြီးရ။ သူတို့မှာလည်း အန်ကယ်ကြီးကို ချစ်ကြောက်ရိုသေလွန်းလို့သာ အန်ကယ်ကြီးစည်းကမ်းအတိုင်း နေကြရတာ။ ခုလိုခွင့်ပြုပေးရင် သူတို့ အရမ်းပျော်သွားကြမှာ"

"အင်း ... ပြည်ပကပြန်လာမယ့် ငါ့မြေးမလေးလည်း ငါ့စိတ်တွေ ပြောင်းလဲသွားတာသိရင် ပျော်ရှာမှာပဲ"

"ဟဲ ဟဲ ... ပြောင်းလဲချိန်တန်ပြီလေ အန်ကယ်ကြီးရဲ့၊ ကျွန်တော်တို့တိုင်းရေးပြည်ရေးတောင် ပြောင်းလဲချိန်တန်လို့ ပြောင်းလဲနေပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးရဲ့ဓမ္မတာပဲပေါ့ကွာ"

အရေးထဲ သူက သံဝေဂရနေသေးသည်။ အင်းပေါ့လေ ... သူ့အိမ်က သူ့မိသားစုကိုတောင် တင်းကျပ်မှုတွေ ဖြေလျှော့ပေးတော့မည် မဟုတ်လား။

ထိုသို့သော အကောင်းမြင်စိတ်လေးနှင့် ဦးပေါ်ထွန်း အိမ်ပြန်လာခဲ့ပါသည်။ အိမ်ရောက်လို့ သူ့စကားသာကြားပါက သူ့မိသားစုလည်း ဝမ်းသာကြမည်ပဲ။ ပျော်ရွှင်သွားကြမည်ပဲ။

သို့သော်လည်း ...

ဦးပေါ်ထွန်း ပျိုးသွားခဲ့သည့် အကောင်းမြင်စိတ်ပန်းပွင့်လေးသည် အိမ်ရှေ့သို့ရောက်ချိန်မှာတော့ မုန်တိုင်းဝင်တိုက်လိုက်သဖြင့် ကြွေလွင့်ပျက်စီးသွားသလိုမျိုး။

သူ့အိမ်ကို သူကြည့်ကာ ဦးပေါ်ထွန်းတစ်ယောက် တဟားဟား ရေရွတ်လျက် ဦးခေါင်းထက်ပေါ် လောင်မီးကျသွားလေသည်။

ဟုတ်သည်၊ ဦးပေါ်ထွန်းမြင်နေရသည့် သူ့အိမ်၏မြင်ကွင်းကို လည်းကြည့်ဦး ...

အိမ်ရှေ့နှင့် ခြံဝင်းထဲတွင် ကားတွေပြည့်နေသည်။ ခြံဝင်းထဲရှိ မြက်ခင်းပြင်နှင့် ရေကူးကန်နံဘေးတွင်လည်း မီးရောင်စုံတွေဆင်ထား၏။ ဖျတ်လတ်တက်ကြွနေကြသော လူငယ်တွေကလည်း ခြံဝင်းထဲနှင့် အိမ်ထဲတွင် နေရာအနှံ့။ အဆိုးဆုံးက ဆူညံမြူးကြွသော သီချင်းသံကြီး ဟိန်းထွက်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ခြုံငုံကာပြောရလျှင်တော့ ဦးပေါ်ထွန်း အိမ်မှာမဲ့ကြိုက် ခွင့်ကောင်းယူပြီး သားအဖနှစ်ယောက် ပျော်ကြီးကျကာ ပါတီပေး နေကြခြင်းပဲ ဖြစ်လေသည်။ သေပြီဆရာပဲ။

ကြက်သေ သေသွားရုံပင်မကဘဲ ကြက်ကြီးလည်လိမ်ထားသလို ခေါင်စင်းစင်းကြီးဖြစ်ကာ သူ့အိမ်သူမမြင်ဖူးသလို ရပ်ကြည့်နေမိသေးသည်။

အတော်ကြာအောင် မယုံနိုင်သည့်မျက်ဝန်းတွေနှင့် စိုက်ကြည့်နေ ပြီးမှ အံကြိတ်လိုက်သည်ကို တွေ့လိုက်ရ၏။ နံဘေးမှ အသာရပ်ကြည့်နေ သော ပြည့်စုံလည်း ဘာပြောရမှန်းမသိ ဖြစ်နေရသည်။ ဒီကိစ္စ ဒီလိုဖြစ် သိမ့်မည် မထင်ထားမိ။ ဦးလှထွန်းအေးတို့ သားအဖကြမ်းချက်က နိုင်း သောက်ရှိသည်။

ဒါသည်လည်း ဦးလှထွန်းအေးက သူ့သားဆွေထွန်း အပူကပ် သဖြင့် မင်းအဘိုးမရှိတဲ့အချိန် လုပ်ချင်တာလုပ်တော့ကွာဟု လွှတ်ပေး လိုက်ခြင်းလည်း ဖြစ်နိုင်၏။

မည်သို့ပင်ဖြစ်စေ . . .

ကြွက်တွေမြူးနေသည့်အချိန် ကြောင်ကြီးက ရှောင်တခင်ပြန် ရောက်လာခဲ့ပေပြီ။ ဘယ်လိုဆက်၍ စခန်းသွားကြမည်နည်း။

ဦးပေါ်ထွန်း ဘာလုပ်မလဲဆိုတာကို ပြည့်စုံ အသက်အောင့်၍ ကြည့်နေမိသည်။ ဦးပေါ်ထွန်းက အံတင်းတင်းကြိတ်ထားရင်းက. .

"တောက်! . . . ဒီကောင်တွေတော့ကွာ၊ အကုန် ရဲစခန်း ပို့ပစ် မယ်" ❦



www.burmeseclassic.com

www.burmeseclassic.com



ရှုးရှုးရှားရှားပြောရင်းက အိမ်ထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်သဖြင့် ပြည့်စုံက ဆတ်ခနဲ ဆွဲထားလိုက်ပြီး ...

"အန်ကယ်ကြီး အဲလိုမလုပ်နဲ့လေ။ ဒီကိစ္စက ဒီလိုရှင်းလို့ မရဘူး ဗျ။ အကုန်ရှုပ်ကုန်လိမ့်မယ်"

"ဘာလို့မရရမှာလဲ။ ဒါ ငါ့အိမ်ကွ ... အကုန်ရိုက်သတ်ပစ်မှာ။ ငါ့အိမ်ကို ထင်တိုင်းကျဲလို့ရမလား ဟေ့ကောင်"

အိမ်ထဲဝင်ရန် ရုန်းနေသဖြင့် ထပ်ကာ ဖိဖိစီးစီး ဆွဲထားလိုက် ရင်း ...

"အန်ကယ်ကြီးရဲ့ခံစားချက်ကို သိပါတယ်။ ဒါပေမဲ့ ဒီကိစ္စဟာ ဒီလိုရှင်းလို့ မရဘူးဗျ။ ကျွန်တော်ပြောတာလက်ခံပါ။ ဘယ်လိုလုပ် ရမယ်ဆိုတာ ကျွန်တော် စဉ်းစားပေးပါ့မယ်၊ လာပါဗျ"

ကားရှိရာသို့ အတင်းခေါ်သွားလိုက်ရသည်။ ဒါတောင် အင်တင် တင်လုပ်နေသေး၏။ ဦးပေါ်ထွန်းကို ကားထဲဝင်ထိုင်ခိုင်းလိုက်ပြီးမှ အိမ်ရှေ့ သို့ ပြန်လျှောက်လာပြီး ဖုန်းနှင့် ဓာတ်ပုံအချို့ ရိုက်လိုက်သည်။ ပြီးမှ ပိုသေချာအောင် ဗီဒီယိုငါးမိနစ်စာလောက်ပါ ရိုက်ထားလိုက်၏။

ပြည့်စုံ ကားထဲပြန်ဝင်ထိုင်ပြီး ကြည့်လိုက်တော့ မေးကြောကြီး တွေ ထောင်နေသည်အထိ ဦးပေါ်ထွန်းတစ်ယောက် အံကြိတ်လို့ကောင်းနေ တုန်း။ မညောင်းဘူးလားမသိ။ သူမို့လို့ ဒီလောက်အကြာကြီး အံကြိတ်ထား နိုင်သည်။

ကားစက်နှိုးလိုက်ရင်း ပြည့်စုံက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတယ်ကိုပဲ ပြန်သွားကြတာပေါ့ အန်ကယ်ကြီး"

ဦးပေါ်ထွန်းက ဆတ်ခနဲကြည့်လာကာ ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

"အဲလိုပဲ လုပ်ရတော့မှာပေါ့ကွ"

၄

www.burmeseclassic.com

## အခန်း (၁၉)

ညက ဟိုတယ်ပြန်ရောက်ရောက်ချင်း အခန်းထဲတန်းဝင်သွား
သဖြင့် နောက်နေ့မနက် ဘရိတ်ဖတ်စားတော့မှပဲ စကားပြောဖြစ်ကြသည်။
ပြည့်စုံက ညကကိစ္စကို စကားစရန် အားယူလိုက်သော်လည်း ဦးပေါ်ထွန်းက
အရင်ပြောလာသည်။ သို့သော် တခြားအကြောင်း။

"ဒါနဲ့ပဲ မင်း ကောင်မလေးကို အဲဒီနေ့က ပရိုပို့စ်လုပ်ဖြစ်ခဲ့တာပေါ့
ဟုတ်လား"

မထင်ထားသည့် စကားကို ပြောလာသဖြင့် ပြည့်စုံ ကြောင်သွား
ရသည်။ ရုတ်တရက်ကြီး အဆက်အစပ်မရှိပြောလာသည်ကို။ ဦးနှောက်
ကို မိုင်ကုန်သုံး၍ အလျင်အမြန် စဉ်းစားလိုက်တော့မှ နွေယွန်းနှင့် သူ့
ကိစ္စကို အစပြန်ဖော်မှန်း သိလိုက်ရ၏။ ဦးပေါ်ထွန်းကို အကဲခတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘာ့လည်း တကယ်သိချင်သောပုံစံဖြင့် မေးနေခြင်းဖြစ်၏။ ညကကိစ္စကို ခေါင်းထဲမရှိတော့တာတော့ မဖြစ်နိုင်ချေ။

သို့သော် မေးလာ၍ ဖြေလိုက်ပါသည်။

"ဟုတ်တယ် အန်ကယ်ကြီးရ၊ အဲဒီနေ့မှာပဲ ပရိုပို့စ်လုပ်လိုက်တာ"

ဦးပေါ်ထွန်းက ပြုံးသည်။ ပြီးမှ ခပ်စွေစွေကြည့်လာရင်း ...

"အင်း ... မင်းပုံစံကတော့ တော်ရုံကောင်မလေးတွေဆို သဘော ကျနိုင်တဲ့ရုပ်ပါ။ ဒါနဲ့ ကောင်မလေးဆီက ဘယ်နှရက်လောက်ကြာတော့ အဖြေပြန်ရလဲ"

ပြည့်စုံက ခပ်ဖြည်းဖြည်း ခေါင်းခါလိုက်သည်။

"အဲလောက်မလွယ်ဘူး အန်ကယ်ကြီး။ ကျွန်တော့်ရုပ်က တော်ရုံ ကောင်မလေး ကြိုက်ရင်တောင် ဇင်နီယာက တော်ရုံ ကောင်မလေးမှ မဟုတ်တာ"

"အင် ... သူက ဘာဖြစ်လို့လဲ"

ပြည့်စုံက ...

"ပြောဖူးတယ်လေ ... အန်ကယ်ကြီးလိုပဲ အချိန်နဲ့ပတ်သက်ပြီး အင်မတန်အလေ့ကျင့်ဖြစ်တာလို့"

"ဩော် ... အေး ... အဲဆိုတော့ ဇာတ်လမ်းကို ဆက်ပါဦးကွ"

သက်ပြင်းငွေ့ငွေ့ချလိုက်ပြီးမှ ပြည့်စုံ ဆက်ပြောဖြစ်သည်။

"သူက ကျွန်တော် ပရိုပို့စ်လုပ်တာကို လက်ခံတယ်။ ဒါပေမဲ့ ... အဖြေမပေးခင်စပ်ကြားမှာ ကျွန်တော့်ကို အချိန်တိကျမှု၊ အလေး



www.burmeseclassic.com

www.burmeseclassic.com



ထားမှုတွေကို အမျိုးမျိုးစပ်းသပ်တာ''

''အင်း''

''ကျွန်တော်ကလည်း သူ့အချစ်ကို လိုချင်နေတဲ့ကောင်ဆိုတော့ သူနဲ့ပတ်သက်ပြီး အချိန်ကိုလေးစားခဲ့တယ်။ သူပြောတဲ့နေ့ သူချိန်းတဲ့ အချိန် ဘယ်တော့မှ မလွဲစေရဘူး။ နောက်ဆုံး သူခိုင်းတဲ့ကိစ္စတောင် သူဖြစ်စေချင်တဲ့အချိန်မှာ ရအောင်လုပ်ပေးခဲ့တယ်''

''ကောင်းတာပေါ့ကွ ... မင်းအတွက် အမှတ်တွေရတာပေါ့''

ဦးပေါ်ထွန်းက ထောက်ခံသလို ပြောလိုက်သော်လည်း ပြည့်စုံက ထပ်ဟာ ခေါင်းခါလိုက်ပြီး ...

''မဟုတ်သေးဘူး အန်ကယ်ကြီးရဲ့ သူ့အချစ်ကိုလိုချင်လို့သာ သူနဲ့ပတ်သက်ပြီး အချိန်တိကျခဲ့ပေမယ့် တခြားတစ်ဖက်မှာ ဥပမာ ... လူမှုရေးကိစ္စတွေမှာ လစ်ဟင်းကုန်ရော။ ပြီးတော့ သူ့ရဲ့အချိန်လေးစား မှုက ကျွန်တော့်ကို ပင်ပန်းစေတယ်။ ကျွန်တော် လိုက်လုပ်ပေးနေတာ တွေဟာလည်း ကျွန်တော့်စိတ်ဆန္ဒအစစ်မဟုတ်ဘဲ သူ့အချစ်ကိုရရင် ပြီးရောဆိုပြီး လုပ်ပေးနေတာမျိုးလေ''

''ဟုတ်သားပဲကွ ... အဲလိုတော့ဖြစ်နေတာပေါ့''

''ဖြစ်နေတာမဟုတ်ဘူး အန်ကယ်ကြီး။ ဖြစ်ကိုဖြစ်ခဲ့တာ။ အဲဒီ မှာတင် ကျွန်တော် စဉ်းစားရတော့တယ်။ သူ့ဘက်ကကော ကျွန်တော့်ကို အချိန်နဲ့ပတ်သက်ပြီး သူပြောတာလိုက်နာလို့ အဖြေပေးမှာလား။ သူ့ စိတ်ရင်းကကော ဘယ်လိုလဲပေါ့။ ကျွန်တော်က သူ့ရင်ထဲက စစ်မှန်တဲ့



www.burmeseclassic.com

www.burmeseclassic.com


ချစ်ကိုပဲ လိုချင်တာလေ''

''အင်း . . . ဆက်ပြော''

''အဲဒီမှာပဲ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်''

''ဟင် . . . ဘယ်လိုလဲ''

ပြည့်စုံက မျက်နှာတည်လိုက်ပြီးမှ . . .

''သူနဲ့ပတ်သက်နေသမျှ ကာလတွေမှာ အချိန်ကို လေးစားပြခဲ့မယ့် သူ အဖြေပေးဖို့ချိန်းတဲ့နေ့မှာတော့ ကျွန်တော် တမင်နောက်ကျပြီးမှ သွားခဲ့တယ်''

''ဟေ . . . အဲဆိုတော့ ဘယ်လိုဆက်ဖြစ်ကြတုံးဟ''

ပြည့်စုံက သတိရသောပုံစံဖြင့် သက်ပြင်းသဲ့သဲ့ချကာ . . .

''အဲဒီနေ့က ကျွန်တော် နောက်ကျပေမယ့် သူ စောင့်နေခဲ့ပါတယ်''

■

၄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

သိသိသာသာကြီး သုန်မှုန်နေသောမျက်နှာထားကြောင့် နွေယွန်း ထင်ထားတာထက် ပို၍စိတ်ဆိုးနေပြီမှန်း ပြည့်စုံသိလိုက်ပါသည်။ သို့ သော်လည်း ပုံမှန်လေသံဖြင့်သာ တောင်းပန်လိုက်၏။

''ဆောရီး နွေယွန်း။ ကိုယ် နည်းနည်းနောက်ကျသွားတယ်''

နွေယွန်းက မျက်နှာထားတင်းတင်းနှင့်ပင် ဖုန်းမှနာရီကို ကြည့် လိုက်ပြီး လေသံမာဆတ်ဆတ်နှင့် ပြန်ပြောလာသည်။

''ဘယ်လိုနည်းနည်းနောက်ကျတာလဲ ပြည့်စုံ။ ချိန်းထားတဲ့အချိန် ထက် ဆယ့်ကိုးမိနစ်တောင် နောက်ကျတာ။ နည်းတဲ့အချိန်လား''

ပြည့်စုံက ခပ်ယဲ့ယဲ့ ပြုံးလိုက်ရင်း ...

''ဆယ့်ကိုးမိနစ်လေးပဲ နွေယွန်းရယ်။ ဆယ့်ကိုးနာရီ၊ ဆယ့်ကိုး



www.burmeseclassic.com

www.burmeseclassic.com



ခက်မှ မဟုတ်တာ''

ဆင်ခြေပေးလိုက်မှပဲ ပိုဆိုးသွားလေသည်။ စူးစူးရဲရဲပင် ကြည့်သာပြီး ...

''ပြည့်စုံ ... ဒီနေ့နောက်ကျတာက ရှင် တမင်လုပ်တာလား။ ဒါမှမဟုတ် အကြောင်းပြချက်က ဘာလဲ''

ထိုမေးခွန်းကို မဖြေခင် ပြည့်စုံစဉ်းစားလိုက်ပါသည်။ တမင်လုပ်ဘာဟု ဝန်ခံလိုက်ရန် စဉ်းစားလိုက်ပြီးမှ ထိုသို့ဝန်ခံလိုက်လျှင် ပိုဆိုးသွားသည်ကို စိုးရိမ်သွားသည်မို့ ...

''နွေယွန်းရယ် တမင်တော့ လုပ်ပါ့မလား။ အိမ်မှာ မိသားစုကိစ္စလေး ပေါ်လာလို့ပါ။ နွေယွန်းဆီကိုတောင် ဖုန်းလှမ်းဆက်မလို့ဘဲ။ ဒါပေမဲ့ ဖုန်းပြောနေရင် အချိန်ပိုနောက်ကျမှာစိုးလို့''

မုသားသုံးကာပြောလိုက်တော့ နွေယွန်း၏မျက်နှာပေါ်တွင် ဒေါသအရောင် လျှော့ကျသွားသည်။ သို့သော် ကျေနပ်ပုံတော့ မရသေး။

''ကိစ္စရှိရင်လည်း ကြိုလုပ်ထားလေ။ ကိစ္စတစ်ခုမှာ နောက်ကျပြီဆိုရင် တခြားကိစ္စတွေပါ အချိန် ကမောက်ကမဖြစ်ရော။ သဘောပေါက်လား''

''ဟုတ်ကဲ့ဗျ နားလည်ပါပြီ''

ပြည့်စုံက တမင်ဟန်လုပ်ကာ ရိုရိုသေသေပုံစံနှင့် ပြောလိုက်သဖြင့် နွေယွန်းက မျက်စောင်းထိုးလာပြီး ...

''မနောက်နဲ့ ပြည့်စုံ၊ ကျွန်မက အတည်ပြောနေတာ''



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် နွေယွန်းရယ်။ ကိုယ်လည်း ပြေရာပြေကြောင်း
ပြောတာပါ။ ပြီးတော့လေ နိုင်ငံကြီးတချို့ကတောင် ကိုယ်တို့မြန်မာနိုင်ငံ
အပေါ် စီးပွားရေးပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးနေကြပြီ"

"အဲဒါ ဘာဖြစ်လဲ"

"ဩော် ... နွေယွန်းလည်း ကိုယ့်အပေါ် အချိန်နဲ့ပတ်သက်တဲ့
တင်းကျပ်မှုတွေကို ဖြေလျှော့ပေးသင့်ပြီလို့"

"ဘာမှလည်း မဆိုင်ဘူး"

ထိုစကားကို ပြောသည့်အချိန်မှာတော့ နွေယွန်းမျက်နှာက ပြုံးဝ
လေးဖြစ်သွားသည်။ ပြည့်စုံက ထိုအခြေအနေလေးကို အခွင့်ကောင်းယူ၍

"အဲကိစ္စက ဘာမှမဆိုင်ရင်လည်း နွေယွန်းနဲ့ဆိုင်တဲ့ကိစ္စက
လုပ်လေ။ ကိုယ့်ကိုအဖြေပေးတော့"

ရုတ်တရက် အငိုက်မိသွားသဖြင့် ကြောင်သွားပြီးမှ နွေယွန်းက
တဟင်းဟင်းရယ်လိုက်ကာ ...

"ဆောရီးပဲ ပြည့်စုံ၊ ချိန်းထားတဲ့အချိန်ထက် တစ်စက္ကန့်ကျော်
သွားကတည်းက အဖြေပေးဖို့ကိစ္စကို ရက်ရွှေ့လိုက်ပြီ"

"ဟင် ... တကယ်၊ ဘယ်ရက်ကိုရွှေ့လိုက်တာလဲ နွေယွန်းရာ
ကိုယ်တော့ ဒီနေ့ ပျော်ရပြီလို့ထင်ထားတာ။ ဟိုကောင်တွေကိုတောင်
ဘီယာတိုက်မယ်ဆိုပြီး ပြောထားခဲ့သေးတယ်"

နွေယွန်းက ...

"အဲဒါကတော့ ရှင့်ကိစ္စလေ။ ရှင့်သာအချိန်တိကျခဲ့ရင် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အလွဲအချော်တွေ ဖြစ်လာစရာမရှိဘူး။ ခုတော့ နိုးပဲ။ ရှင် နောက်ကျတဲ့ အချိန်အတိုင်း တစ်မိနစ်ကို တစ်ရက်နှုန်းနဲ့ နောက်ထပ်ဆယ့်ကိုးရက်တိတိ ရက်ရွှေ့လိုက်တယ်"

"ဟာ ... သွားပြီကွာ"

အီးမှန်သလို မဲ့ရှုံ့သွားသော ပြည့်စုံ၏မျက်နှာကိုကြည့်ကာ နွေယွန်း၏ရယ်သံလွင်လွင်လေး ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

စကားအဆုံးမှာတော့ ဦးပေါ်ထွန်းက ဝမ်းခေါင်းသံကြီးနှင့် လှိုက်လှိုက်လှဲလှဲ ရယ်ချလိုက်လေသည်။ ပြောပြနေသောပြည့်စုံပင်လျှင် နှင်စပ်စပ် ဖြစ်သွားရပြီး ...

''ရယ်ပါ ... ရယ်ပါ၊ ကျွန်တော်ခံလိုက်ရတာကို အန်ကယ်ကြီး အားရတယ်ပေါ့ ဟုတ်လား''

''အားရတာပေါ့ကွ၊ မင်းသာ အဲဒီအချိန်လေး တိတိကျကျသွားခဲ့ရင် ရှည်းစားရပြီလေကွာ။ ခုတော့ ခံပေါ့''

''ခံပါတယ်ဗျ၊ ကျွန်တော်ကလည်း ကိုယ့်အတွေးနဲ့ကိုယ် သွားခဲ့တာကိုး။ အဲဒါကို ထားပါ။ မနေ့ညက အန်ကယ်ကြီးအိမ်က ကိစ္စကို ဘယ်လိုလုပ်မလဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ မျက်နှာတည်သွားသူက ဦးပေါ်ထွန်းဖြစ်၏။ သက်ပြင်းကိုလည်း ဟူးခနဲ ဆွဲအောင့်အောင့်ချလိုက်ကာ . . .

"ငါကိုယ်တိုင်မထင်ထားတဲ့ကိစ္စဆိုတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး။ ငါ့သားနဲ့ငါ့မြေးကိုလည်း နားရင်းချည်းပဲ တီးလိုက်ချင်တာ။ ငါ့ရှေ့မှာဆိုရင်တော့ အချိန်ကိုလေးစားပြတာ ပျာနေတာပဲ"

ထိုစကားကြောင့် ပြည့်စုံက . . .

"အဲဒါပဲလေ အန်ကယ်ကြီးရဲ့။ ခုနက ကျွန်တော်နဲ့ဇင်နီယာလိုပေါ့။ ကျွန်တော်က သူ့အလိုကျသာ အချိန်ကို တိတိကျကျကြီး လေးစားလိုက်နာနေတာ။ ကျွန်တော့်ရဲ့ပုံစံအမှန်မှ မဟုတ်တာ။ ခုလည်း အန်ကယ်ကြီးရဲ့သားနဲ့ မြေးက အန်ကယ်ကြီးရဲ့ရှေ့မှာ အချိန်ကို လေးစားလိုက်နာနေတာ အန်ကယ်ကြီးရဲ့။ နောက်ကွယ်ကျရော လုပ်ချင်တာတွေ လုပ်ကြရော"

"အေးကွာ . . . ငါလည်း ဒီကောင်တွေကို ဘယ်လိုဆုံးမရမှန်းတောင် မသိတော့ဘူး"

ပြည့်စုံက . . .

"သိပ်လည်း ခေါင်းစားမနေပါနဲ့ဗျ။ သူတို့ကိုသာ စည်းကမ်းတကျလွှတ်လပ်ခွင့်ပေးလိုက်ရင် အဆင်ပြေသွားမှာပါ။ အန်ကယ်ကြီးရဲ့အိမ်ကဘာနဲ့တူနေသလဲဆိုရင် ဒီမိုကရေစီမရှိဘဲ တစ်ပါတီအာဏာရှင်စနစ်နဲ့ အုပ်ချုပ်နေတဲ့ပုံစံမျိုးပဲ။ အာဏာနဲ့အုပ်ချုပ်နေတော့ အောက်ကလူတွေကလည်း အာဏာကိုပဲ ကြောက်မှာပေါ့။ လူကို ဘယ်အရေးထားတော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



''မင်းကတော့ ပြောတော့မယ်''

''အမှန်ပဲလေ အန်ကယ်ကြီးရဲ့။ သူတို့ကိုသာ ဒီမိုကရေစီကျကျ လွှအခွင့်အရေးပေးကြည့်ပါလား။ တဖြည်းဖြည်းနဲ့ စည်းကမ်း ရှိလာကြမှာ ပါ။ အန်ကယ်ကြီးလည်း ခုပြောင်းလဲပြီမဟုတ်လား။ ခေါင်းဆောင်ပြောင်း လဲရင် နောက်လိုက်တွေလည်း တဖြည်းဖြည်းချင်း ပြောင်းလဲလာမှာပါဗျာ။ ခုလိုဖြစ်တာကို ထပ်ပြီး ဖိအားမပေးပါနဲ့''

''ဟုတ်ပြီလေ ... အဲဆိုတော့ ငါက ဘာဆက်လုပ်ရမှာလဲ''

ပြည့်စုံက ရယ်ကျဲကျဲလုပ်ရင်း ...

''လာမယ်လေ ... ဘာလို့လောနေတာလဲ။ ကျက်ရင်ကျွေးမှာ ပေါ့ဗျ''

''ဟာ ... ဒီကောင်တော့''

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

သူတို့၏ကျေးဇူးရှင်ကြီးမပါဘဲ အိမ်ပြန်ရောက်လာသည့် ပြည့်စုံကို ကြည့်ကာ ဦးလှထွန်းအေးနှင့်ဆွေထွန်းတို့ အလန့်တကြား ဖြစ်သွားကြသည်။ ချောင်းသာကမ်းခြေမှာပဲ သောက်ကမြင်းကြောထရင်း ရေကူးရာမှ ရေနစ်ပြီး နဂါးစားသွားပြီလား ... အို။

သားအဖနှစ်ယောက်စလုံး မတွေးကောင်းတွေးကောင်း အတွေးမျိုးတွေ ဝင်သွားကြ၏။

"ပြည့် ... ပြည့်စုံ ငါ့အဖေကော"

ဦးလှထွန်း၏အမောတကောမေးသံအဆုံးမှာ ဆွေထွန်းကလည်း မျက်လုံးပြူး မျက်ဆံပြူးနှင့် ...

"ဟေ့ကောင် ... ငါ့ ငါ့အဘိုး ဘယ်မှာကျန်ခဲ့တာလဲ။ ခု ...



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်မှာလဲ''

ပြည့်စုံက ဘာမှပြန်မပြောသေးဘဲ မျက်နှာထားအေးအေးနှင့်ပင် အိပ်ကပ်ထဲမှ မင်မိုရီစတစ်ကို ထုတ်၍ ပေးလိုက်သည်။

ဦးလှထွန်းအေးက စတစ်ကိုလှမ်းယူပြီး ဖင်ပြန်ခေါင်းပြန် သေသေချာချာကြည့်သည်။ ထိုစတစ်ထဲတွင် သူ့အဖေတော့ ပုန်းမနေနိုင်ဟု တစ်ထစ်ချယူဆပုံနှင့် ...

''ဒီစတစ်က ဘာလဲကွ။ ငါ့အဖေကော ဘယ်မှာလဲလို့''

ထိုအခါမှ ပြည့်စုံက ...

''အန်ကယ်ကြီး ဘာမှမဖြစ်သေးပါဘူး။ ဒီစတစ်ကို ဖွင့်ကြည့်ဖို့ ပေးခိုင်းလိုက်တာပါ''

ထိုအခါကျမှ သားအဖနှစ်ယောက်စလုံး ငါးဆယ်ရာခိုင်နှုန်းလောက် သက်ပြင်းချသွားကြသည်။

ဆွေထွန်းက ခေါင်းတဖျင်းဖျင်းကုတ်လိုက်ရင်း ...

''အဘိုးကလည်း ဘာအထာလဲကွာ၊ စိတ်ပူပါတယ်ဆိုကာမှ စားနေပြန်ပြီ။ အရေးထဲ မိန္ဒွေကလည်း အချိန်စောပြီးပြန်ရောက်လာတော့ ကွိုင်ပဲ''

မိန္ဒွေဆိုသောစကားကြောင့် ပြည့်စုံ ထိတ်ခနဲဖြစ်သွားရ၏။

ဦးပေါ်ထွန်းက ...

''အင်း ... အဖေ ဘာမှမဖြစ်ဘူးဆိုတော့ တော်သေးတာပေါ့။ သူ ကြည့်ခိုင်းတော့လည်း ဒီစတစ်ကို ကြည့်ရမှာပေါ့။ သား laptop



www.burmeseclassic.com

www.burmeseclassic.com



သွားယူလိုက်''

ဆွေထွန်း အိမ်အတွင်းသို့ ဝင်သွားပါသည်။ ခဏနေတော့ laptop ကိုင်ကာ ပြန်ထွက်လာ၏။ သို့သော် တစ်ယောက်တည်းမဟုတ်။ ပြည့်စုံ၏ စိတ်ထဲ၌ မလာပါစေနဲ့ဟု စိတ်လှုပ်ရှားစွာ ဆုတောင်းနေသော နွေယွန်းလည်း ပါလာလေသည်။

နွေယွန်းနှင့်အကြည့်ချင်းဆုံလိုက်မိချိန်မှာတော့ ကြိုသိပြီးသား ဖြစ်သော ပြည့်စုံက သိသိသာသာကြီး တုန်လှုပ်မသွားသော်လည်း နွေယွန်းပုံစံကတော့ အံ့အားသင့်သွားသည်မှာ အထင်းသား။

ပါးစပ်က အသံမထွက်လာသော်လည်း ပြည့်စုံဟု ရေရွတ်လိုက်သည်ပင် တွေ့လိုက်ရသေး၏။ ဟိုသားအဖနှစ်ယောက်ကတော့ ရိပ်မိပုံ မပေါ်ချေ။

သို့သော်လည်း ရိုးသားချင်သည့်ပြည့်စုံက နှုတ်ဆက်လိုက်ပါ သည်။

''မင်္ဂလာပါ နွေယွန်း။ မတွေ့တာကြာခဲ့ပြီ''

နွေယွန်း ဆတ်ခနဲဖြစ်သွားသည်။ ဦးလှထွန်းအေးလည်း ခါးမတ်သွား၏။ ဆွေထွန်းကတော့ လှုငယ်ပီပီ နှုတ်သွက်သည်။

''ဟင် မိနွေ . . . နင်နဲ့ပြည့်စုံက သိနေတာလား''

ထိုအခါမှ နွေယွန်းက မဖြေချင် ဖြေချင်ပုံစံနှင့်။

''ကျောင်းတုန်းက သိတာပါ''

''ဩော်''



www.burmeseclassic.com

www.burmeseclassic.com



ရေရွှတ်ရင်း ဆွေထွန်းက နွေယွန်းနှင့်ပြည့်စုံကို မသိမသာ အကဲခတ်လိုက်သေးသည်။ ဘာအဆင်တွေလဲပေါ့။ ပြည့်စုံက ယောက်ျား လေးပီပီ မျက်လွှာလေးချထားလိုက်၏။

ထိုအချိန်မှာပဲ ဦးလှထွန်းအေးက စတာစ်ကို လက်တော့ပ် (laptop) တွင် ထိုးကာ ဖွင့်ကြည့်လိုက်လေပြီ။

ပထမဦးစွာ အိမ်တွင် ပါတီကျင်းပသည့် ဓာတ်ပုံတွေ ထွက်လာ သည်။

နောက်တစ်ဖိုင်က ထိုပါတီကိုပဲ video ရိုက်ထားသောဖိုင်။

သားအဖနှစ်ယောက်စလုံး မျက်စိမျက်နှာတွေ ပျက်သွားကြချိန်မှာ ပဲ နွေယွန်းက တအံ့တသြနှင့် ...

"ဟင် ... ဖေဖေနဲ့ကိုကိုက အဘိုးအိမ်မှာမရှိတဲ့အချိန် ဒီလိုတွေ လုပ်ခဲ့ကြတာလား"

ဦးလှထွန်းအေး ငိုင်ကျသွားပြီး ဆွေထွန်းကလည်း မျက်နှာပျက် ပျက်နှင့် ...

"တရားခံကတော့ ကိုကိုပါ။ ဖေဖေက ကိုကို အတင်းတောင်းဆိုလို့ ခွင့်ပြုခဲ့တာ"

ဦးလှထွန်းအေးကလည်း ...

"ဖေဖေ့အမှားလည်း ပါပါတယ် သမီးရယ်။ ဖေဖေကိုယ်တိုင်က တစ်ခါတလေ ပျော်ချင်ပါးချင်တော့ ခွင့်ပြုပေးလိုက်တာ"

နွေယွန်းက သက်ပြင်းချကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အဘိုးက ဒီမြင်ကွင်းကိုမြင်သွားလို့ စိတ်ကုန်ပြီး ပြန်သွားတာပေါ့ ဟုတ်လား"

ပြောပြီး ပြည့်စုံကိုလှမ်းကြည့်လာသည်။ ပြည့်စုံက ဝန်ခံသလို အမှုပြန်မပြောဘဲ ငြိမ်နေသဖြင့် နွေယွန်းကပဲ ထပ်ပြောလိုက်ပါသည်။

"ပြည့်စုံ ... အဘိုးကိစ္စအတွက် ရှင်နဲ့ကျွန်မ နှစ်ယောက်တည်း အေးအေးပြောချင်တယ်"

■

၄

www.burmeseclassic.com

www.burmeseclassic.com

ရယ်စရာတွေပြီးရင်

မောစရာတွေလာတတ်တဲ့ ကမ္ဘာကြီးထဲ

ဝမ်းနည်းစရာတွေနဲ့ အံကြိတ်ခဲ့ရတဲ့

အခိုက်အတန့်

လူတိုင်းမှာရှိတယ်။

ဒါပေမဲ့လည်း ပြောင်းလဲခြင်းဆိုတဲ့

နိယာမကို မေ့ထားလို့မရပြန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အချိန်ကား ညဘက်ဖြစ်သည်။ နေရာက ဟိုတယ်စားသောက်ခန်းဆောင်ကျကျစားပွဲမှာဖြစ်၏။ ပုံမှန်စားသောက်ချိန်ကို ကျော်လွန်သွားပြီဖြစ်သဖြင့် စားသောက်ခန်းထဲတွင် လူသူရှင်းလင်းနေသော်လည်း စားသောက်သောသူတို့က စားပွဲတစ်ဝိုင်းတွင် ထိုင်နေကြသည်။ ခုချိန်ထိ မထသေး။

''အင်း ...ငါ့မြေးမလေးလည်း သတ်မှတ်ချိန်ထက် စောပြီး ပြန်ရောက်လာတော့ ရှုပ်ကုန်ပြီထင်တယ်။ ငါက ဟိုနှစ်ကောင်ကို နောင်ကျင်စေချင်တာ''

စကားအဆုံးမှာ ပြည့်စုံက ခေါင်းညိတ်လိုက်ရင်း ...

''မှတ်တယ် အန်ကယ်ကြီးရဲ့ အန်ကယ်ကြီး မျှော်လင့်ထား



www.burmeseclassic.com

www.burmeseclassic.com



သလိုတော့ ဖြစ်လာပါတယ်။ ဦးလှထွန်းအေးရော ဆွေထွန်းပါ နှင့် ဖျက်လှူးသွားတာ အမှန်ပဲ။ ဒါပေမဲ့ အန်ကယ်ကြီးရဲ့မြေးမလေးက အန်ကယ်ကြီးနဲ့ တွေ့ချင်တယ်ပဲပြောနေတာ။ သူ့အဖေနဲ့ အစ်ကိုအ အန်ကယ်ကြီးကို ရှင်းပြချင်ပုံပဲ"

ဦးပေါ်ထွန်းက သက်ပြင်းဖွဖွချလိုက်ပြီး ...

"ငါ့မြေးမလေး ဘာကိုရှင်းပြချင်တယ်ဆိုတာ ငါနားလည်ပါတယ် သူက ငါ့ကို အရင်ကတည်းက ပြောင်းလဲစေချင်တာလေ။ ခု ငါ ပြောင်း လဲနေပြီဆိုတာလည်း သူ မသိသေးလို့ပါ"

ထိုစကားကြောင့် ပြည့်စုံက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဘယ်လို အန်ကယ်ကြီးရဲ့မြေးမလေးက အရင်ကပဲ ပြောင်းလဲ စေချင်တာ ဟုတ်လားဗျ"

ဦးပေါ်ထွန်းက ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်တယ်၊ မြေးမလေးကလည်း အရင်တုန်းက ငါ့စည်းကမ်း ငါ့ပုံစံခွက်ထဲမှာ နေလာခဲ့တာပဲ။ ဒါပေမဲ့ တက္ကသိုလ်နောက်ဆုံးနှစ်ဖြေပြီး တဲ့ အချိန်မှာတော့ သူ ပြောင်းလဲသွားတယ်"

ပြည့်စုံ စိတ်ဝင်တစား ဆက်နားထောင်နေလိုက်၏။ ဦးပေါ်ထွန်းက ပဲ ...

"မြေးမလေး ဘာကြောင့် ပြောင်းလဲသွားတယ်ဆိုတာတော့ ငါ မသိဘူး။ မေးတော့လည်း သူက မဖြေဘူး။ တစ်ခုပဲပြောတယ် ငါ့ရဲ့ပုံစံ ခွက်ထဲမှာ နေရမယ်ဆိုရင် သူ ဒီမှာမနေချင်တော့ဘူးတဲ့။ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတာနဲ့ သွားချင်တဲ့နေရာသွားနေလို့ ပြောလိုက်မိတယ်။ အဲဒီမှာတင် မြို့မတွေရှိတဲ့ အမေရိကားကို သူ ထွက်သွားခဲ့တာပဲ''

''ဒါဆို ခု သူက ဘာဖြစ်လို့ ပြန်လာတာလဲ အန်ကယ်ကြီး''

''ငါက အလုပ်ကနေ အနားယူလိုက်ပြီလေကွာ။ အဲဒါကြောင့် အားစုအလုပ်ကို ဝင်ကူဖို့ သူ့အဖေက ပြန်ခေါ်လိုက်တာ။ ဒါတောင် သူမှတ်ထားတဲ့ရက်မဟုတ်ဘဲ စောပြီးပြန်လာတာကို ကြည့်လေ။ အဲဒါ ... ငါ့ကို ဆန့်ကျင်နေသေးတယ်ဆိုတာ ပြတာပဲ''

ပြည့်စုံက ပြုံးလိုက်ပြီး ...

''ဒါပေမဲ့ ခုလို အန်ကယ်ကြီး ပြောင်းလဲနေပြီမှန်းသိရင်တော့ ... ပျော်သွားမှာပဲနော်။ အေးဗျာ ... ကျွန်တော့်ရဲ့ဇင်နီယာလည်း ခပ်စော ... လေး ပြောင်းလဲခဲ့ရင် ကျွန်တော်တို့ ခံစားရမှာ မဟုတ်ဘူးဗျ''

ထိုစကားကြောင့် ဦးပေါ်ထွန်း ဆတ်ခနဲဖြစ်သွားရပြီး ...

''သြော် ... အေး ... မေးမယ်၊ မေးမယ်နဲ့ မေ့နေတာ။ မင်းရဲ့ ... လမ်းကို ဆက်ပါဦး ဟော့ကောင်ရ''

ပြည့်စုံက ခေါင်းညိတ်လိုက်ကာ ...

''အန်ကယ်ကြီးသိတဲ့အတိုင်းပဲ သူ အဖြေပြန်ပေးမယ့်နေ့ကို ... ဆယ့်ကိုးရက် ရွှေ့သွားခဲ့တာလေ''

''မှတ်မိပါတယ် ... အဲတော့''

''အဲဒီဆယ့်ကိုးရက်မြောက်ကျတဲ့နေ့ဟာ ကျွန်တော်တို့ စာမေးပွဲ ... ဖြေခြင်း တစ်နေ့ပဲ အန်ကယ်ကြီး။ သိတဲ့အတိုင်းပဲ ကျွန်တော်တို့တော့



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အလွဲမခံနိုင်တော့ဘူးလေ။ ချိန်းထားတဲ့နေ့မှာ ချိန်းထားတဲ့အချိန် အတိ အကျ သွားဖို့ပြင်ဆင်ထားခဲ့တယ်"

ပြောရင်း ဦးပေါ်ထွန်းကို အကဲခတ်လိုက်သေးသည်။ စိတ်ဝင် တစား နားထောင်သည့်မို့ ဆက်ပြောလိုက်ပါ၏။

"ဒါပေမဲ့ ... သူနဲ့ချိန်းထားတဲ့နေရာကို ကျွန်တော် မရောက်သွား ခဲ့ပါဘူး"

"ဟေ"

"ဟုတ်တယ် အန်ကယ်ကြီး။ အဲဒီနေ့မှာပဲ တိုက်ဆိုင်စွာ ကျွန်တော့် အမေ ရုတ်တရက်ဆုံးသွားခဲ့တယ်"

"ဟာ"

ဦးပေါ်ထွန်း အံ့သြကာ မျက်လုံးပြူးသွားသည်။ ပြည့်စုံက ဆက် ၍ ...

"ကျွန်တော် သူ့ဆီမရောက်ခဲ့သလို စာမေးပွဲလည်း ဝင်မဖြေဖြစ် ခဲ့ပါဘူး။ စာမေးပွဲနောက်ဆုံးနေ့မှာတော့ သူ့ဆီ ကျွန်တော် သွားခဲ့ပါတယ်"

"မင်း သွားရှင်းပြတာလား၊ အဲဒီတော့ ဘယ်လိုဆက်ဖြစ်သွား လဲ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘာပြောစရာရှိသေးလို့လဲ ပြည့်စုံ။ ကျွန်မအပေါ် တန်ဖိုးမထား မလေးစားတဲ့ လူတစ်ယောက်ကို ခုလို လက်ခံစကားပြောရတာကတင် ကျွန်မအတွက် သိက္ခာတော်တော် ပွန်းပဲ့နေပြီ"

တွေ့တွေ့ချင်း ပြောလိုက်သည့်စကားကြောင့် ပြည့်စုံ နင့်ခနဲ ဖြစ်သွား၏။ သက်ပြင်းဖွဖွချရင်း ပြန်ပြောလိုက်သည်။

"ရှင်းပြချင်လို့ပါ နွေယွန်းရယ်။ အဲဒီနေ့က ကိုယ်လာဖို့ အဆင်သင့်လုပ်ထားခဲ့ပါတယ်။ ဒါပေမဲ့"

စကားမဆုံးခင်မှာပဲ နွေယွန်းက ဖြတ်ပြောလိုက်သည်။

"ဘာတွေထပ်ပြီး အကြောင်းပြဦးမလို့လဲ ပြည့်စုံ။ အဲဒီနေ့က ရှင့်အမေ သေတယ်လို့ ပြောရင်တောင် ကျွန်မ မယုံဘူး။ လက်ဖဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး''

နွေယွန်း၏အပြောကြောင့် ပြည့်စုံရင်ထဲ ဖျဉ်းခနဲနာကျင်သွား ရသည်။ ရင်ဆိုင်ကာ ပြန်ကြည့်လိုက်ပြီး ...

''မင်းမယုံပေမယ့် ငါကတော့ ပြောရမှာပဲ နွေယွန်း။ ဗီဒီယိုတွေ ရုပ်ရှင်တွေထဲကလို ရှင်းပြခွင့်မရတာမျိုးလည်း အဖြစ်မခံနိုင်ဘူး။ အဲဒီနေ့ မင်းပြောသလိုပဲ မယုံနိုင်စရာတွေဖြစ်ခဲ့တယ်။ အဲဒါက ငါ့အမေ ဦးနှော က် သွေးကြောပြတ်ပြီး ဆုံးသွားခဲ့တာပဲ။ မင်းသိအောင် ငါပြောပြတာပါ။ ငါ မင်းဆီက ဘာမှမတောင်းဆိုတော့ပါဘူး။ ငါ့အမေရဲ့နာရေးအတွက် ဖေ လိုက်ရတဲ့အချိန်ကြောင့် ငါ့အတွက် ချစ်ခြင်းတစ်ခု ဆုံးရှုံးခဲ့ရတယ်ဆိုင တောင် ငါ ကျေနပ်ပါတယ်။ နောက်ဆိုရင် အချိန်မလေးစားတဲ့ လူတစ် ယောက်ကို မင်း စောင့်စရာမလိုတော့ဘူးပေါ့''

ပြောပြီး ပြည့်စုံလှည့်ထွက်လာခဲ့သည်။ ဒီတစ်ကြိမ်မှာတော့ ဇာတ်လမ်းဟာ မစခင်ကပဲ ဆုံးခဲ့ပြီမှန်း အလိုလိုသိလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

သက်ပြင်းချသံသဲ့သဲ့ အရင်ကြားလိုက်ရသည်။ ပြီးမှ . . .

"အင်း . . . မင်းဇာတ်လမ်းရဲ့ အဆုံးသတ်ကလည်း စိတ်မကောင်းစရာပဲကွ။ ဒါနဲ့ မင်း အဲလိုပြောပြီး ထွက်လာခဲ့တာပဲလား။ ကောင်မလေးက ဘာမှပြန်မပြောဘူးလား"

ပြည့်စုံက . . .

"ဇင်နီယာဘက်က ပြောစရာရှိရင်လည်း ရှိမှာပေါ့လေ။ ဒါပေမဲ့ ကျွန်တော်လည်း ဇာတ်နာပြီး လှည့်ထွက်လာခဲ့တာပဲ။ ဇင်နီယာဆိုတဲ့ပန်း ကျွန်တော့်ရင်ထဲမှာ ပထမဆုံးနဲ့ နောက်ဆုံး ပွင့်ခဲ့ပြီပဲ အနက်ကယ်ကြီး ဘာမှထပ်မလိုတော့ပါဘူး"

ထိုအချိန်မှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အတွက် မလိုတော့ပေမယ့် ကျွန်မအတွက်တော့ ပြောစရာ ရှိသေးတယ် ပြည့်စုံ"

"ဟင်"

ရုတ်တရက် ကြားလိုက်ရသည့်အသံကြောင့် ပြည့်စုံ အံ့သြစွာ ရေရွတ်လိုက်မိသည်။ ပြောရင်း နွေယွန်းက သူတို့ရှိရာသို့ လျှောက်လာ လေ၏။

ဦးပေါ်ထွန်းကလည်း မယုံကြည်နိုင်သော မျက်ဝန်းများဖြင့် ...

"ဟင် ... သမီးလေး ဒါနဲ့ ဟော့ကောင်ပြည့်စုံ ... မင်းရဲ့ဇင်နီယာ ဆိုတာ"

ပြည့်စုံက မလုံမလဲမျက်နှာထားဖြင့် ...

"ဟုတ်ပါတယ် အန်ကယ်ကြီး၊ ကျွန်တော့်ရဲ့ဇင်နီယာဆိုတာ အန်ကယ်ကြီးရဲ့မြေးပါပဲ"

"ဟာ"

မျက်နှာတစ်ခုလုံး ထူပူသွားရင် ဦးပေါ်ထွန်း ဘာပြောရမည်မှန်းမသိ ဖြစ်သွားသည်။

ထိုအချိန်မှာပဲ နွေယွန်းက ဦးပေါ်ထွန်းကိုကြည့်ကာ ...

"အဘိုး ... အဘိုးသဘောတူတဲ့လူမှ သမီးလက်ထပ်မယ်လို့ ပြော ခဲ့တယ်နော်။ တကယ်လို့ သမီးရွေးချယ်တဲ့လူဟာ အဘိုးရှေ့က အဲဒီလူဆို ရင် အဘိုး လက်ခံနိုင်ပါ့မလား။ သဘောတူနိုင်ပါ့မလား"

တွေဝေပြီး ဆုံးဖြတ်ရခက်သော အရိပ်အငွေ့တွေက ဦးပေါ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်ထင်ဟပ်လာသည်။ နွေယွန်းနှင့် ပြည့်စုံကို တစ်လှည့်စီ ကြည့်လိုက်ပြီးမှ ...

"အင်း ... ပြည့်စုံဆိုတဲ့ကောင်ရော၊ ငါ့မြေးရော ငါ့စကားကို နားထောင်မယ့်သူတွေတော့ မဟုတ်ဘူး။ ငါ ဒီလိုလုပ်ဆိုရင် မင်းတို့က ဆန့်ကျင်ဘက်လုပ်မှာ သေချာတယ်။ ဒီတော့ သဘောမတူနိုင်ဘူးကွာ။ မင်းတို့ ဘာလုပ်မလဲ"

ခပ်တည်တည်ပြောရင်း ထိုင်နေရာမှ ထသွားလေတော့၏။

ပြည့်စုံနဲ့ နွေယွန်းတို့လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ကြောင်အမ်းအမ်းဖြစ်နေကြသေးသည်။ ပြီးမှ စဉ်းစားရင်း ပြည့်စုံ သဘောပေါက်လာပြီး ...

"ဟာ ... ဟုတ်ပြီ"

"ဘာဟုတ်တာလဲ။ အဘိုးက သဘောမတူပါဘူးဆိုမှ"

ပြည့်စုံက ...

"အဲဒါက ဟုတ်တာလေ။ ခုနကပဲ ပြောသွားတယ် မဟုတ်လား။ ကိုယ်တို့နှစ်ယောက်က သူ့စကားကို နားမထောင်ဘဲ ဆန့်ကျင်ဘက် လုပ်ကြမှာတဲ့။ ပြီးတော့ သဘောမတူနိုင်ဘူးတဲ့"

"ဟုတ်တယ်လေ၊ အဲဒါကြောင့် ပြောနေတာပေါ့"

"ဩော် ... နွေယွန်းရယ်။ အဲဒါဆိုလည်း ရှင်းနေပြီလေ။ ဒီတော့ ကိုယ်တို့နှစ်ယောက်စလုံးလည်း သဘောမတူဘူးဆိုတဲ့သူ့စကားကို နားမထောင်ဘဲ ဆန့်ကျင်ဘက်လုပ်ပြီး ခိုးပြေးကြတာပေါ့ကွ။ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဖြစ်ပါ့မလား"

"သိပ်ဖြစ်တာပေါ့။ ဒီတစ်ခါတော့ ဘယ်အချိန်ကျမှ စောင့်မနေ တော့ဘူးနော်"

"ဟင်"

"ဟုတ်တယ် … ခုပဲသွားရအောင် နွေယွန်း။ တော်ကြာ အန်ကယ်ကြီး စိတ်ပြောင်းပြီး သဘောတူလိုက်ရင် ကိုယ်တို့နှစ်ယောက် အတွက် စိတ်လှုပ်ရှားစရာတွေ ပျောက်သွားလိမ့်မယ်။ ကဲ … သွားရအောင်"

လက်ချင်း တင်းတင်းဆုပ်ကိုင်လိုက်မိကြသည်။

ထိုသို့ဖြင့် …။

■

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

ကားလေးက အဝေးပြေးလမ်းပေါ် တရိပ်ရိပ်ပြေးနေသည်၊ ပြည့်စုံ မောင်းလာခဲ့သည့် ကားလေးကလည်း ချောင်းသာကမ်းခြေဆီသို့ ဦးတည် နေ၏။

ထပ်ပြောရလျှင် . . .

ထိုချောင်းသာခရီးစဉ်က စီစဉ်ခဲ့သည့်အတိုင်းဖြစ်သည်။ တစ်ခုပဲ ပြောစရာရှိပါသည်။

ပြည့်စုံ၏ ခရီးဖော်က မူလစီစဉ်ထားသည့် ဦးပေါ်ထွန်းမဟုတ်ဘဲ သူ့မြေး နွေယွန်း ပါလာခဲ့ခြင်းဖြစ်၏။

ပြည့်စုံအတွက်တော့ နွေယွန်းက ဒီခရီးစဉ်အတွက်သာမကဘဲ ဘဝခရီးဖော်လေးအဖြစ် အရာအားလုံး လှပစွာ ပြောင်းလဲခဲ့ပြီပဲ မဟုတ် ပါလား။

BURMESE CLASSIC

လေးစားစွာ

မိုးမြင့်

28.3.2016

04:45 pm



ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com